ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (16-5-2012) (၇၁၂၂)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

## အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူး Mr. Daniel Toole ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



ထိုသို့တွေ့ဆုံရာတွင် ပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်မှုများ၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ပိုမိုရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ရေရှည်ကောင်းကျိုးရရှိနိုင်မှုများနှင့် မြန်မာနိုင်ငံအတွင်း စီမံကိန်းအကူအညီအသစ်များ ပေးအပ်နိုင်ရေး၊ ယူနီဆက်ရန်ပုံငွေများ တိုးတက်ရရှိ အသုံးပြုနိုင်ရေး၊ ကျွမ်းကျင်မှုနည်းပညာများ အသုံးပြုနိုင်ရေး၊ ယူနီဆက်၏ လုပ်ငန်းကဏ္ဍစုံတွင် မြန်မာနိုင်ငံနှင့် ပိုမိုကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။(သတင်းစဉ်)

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူး Mr. Daniel Toole ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

## သတင်းအညွှန်း

**အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်သို့ အာကာသယာဉ်မှူး သုံးဦးပါ ဆိုယုဇ်ဒုံးယာဉ်လွှတ်တင်**
နိုင်ငံတကာသတင်း စာမျက်နှာ-၄

**လှချင်ပချင်လာသည့် ယောက်ျားဆိုသော ယောက်ျားများ**
ဖက်ရှင်ရေးရာ စာမျက်နှာ-၆

**တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ် မူရင်း၊ မိတ္တူများ အချိန်နှင့် တစ်ပြေးညီ ထုတ်ပေးနေပါသည်**
ကြေးမုံသို့ပေးစာ စာမျက်နှာ - ၇

**ရော်ဘင်ဗန်ပါစီ အာဆင်နယ်၌ ဆက်နေရန် ဆုံးဖြတ်လိုက်ပြီ**
နိုင်ငံတကာ အားကစားသတင်း စာမျက်နှာ-၁၀

*အင်တာနက်သိပ္ပံသတင်း အင်တာနက်သိပ္ပံသတင်း အင်တာနက်သိပ္ပံသတင်း*

## ခရီးဝေးသွားသည့် ရေသတ္တဝါကြီးများ

**ဘာသာပြန် - ဇင်ထူး**

ရေအောက်မှ ဧရာမစွန်ငှက်ကြီးများသဖွယ် ပင်လယ်ရေအောက်တွင် ဝဲပျံသွားလာတတ်သည့် အချင်း ၂၅ပေကျော်အထိ ကျယ်ဝန်းကြီးမားသော ဧရာမငါးလိပ်စွန်များနှင့်ပတ်သက်၍ ယခင်က အနည်းငယ်မျှသာ သိရှိခဲ့ကြရသည်။ ယခုအခါတွင် အဆိုပါ ပင်လယ်ရေသတ္တဝါကြီးများကို သိပ္ပံပညာရှင်များက ဂြိုဟ်တုမှတစ်ဆင့် ခြေရာခံကြည့်ရှုသောနည်းကို အသုံးပြုခြင်းအားဖြင့် ၎င်းတို့သည် အလွန်ခရီးသွားသည့် သတ္တဝါကြီးများဖြစ်ကြသည်ဟူသော အချက်အပါအဝင် လျှို့ဝှက်ချက်အချို့ကိုလည်း ဖော်ထုတ်သိရှိလာကြရပြီဖြစ်သည်။

အဏ္ဏဝါဇီဝပညာရှင်များသည် ငါးလိပ်စွန် အမလေးကောင်၊ အထီးတစ်ကောင်နှင့် အထီး အမ မခွဲခြားနိုင်သည့်



တစ်ကောင်တို့ကို မက္ကဆီကိုနိုင်ငံ ယူကာတန်ကျွန်းဆွယ် ကမ်းလွန်တွင် ၁၃ ရက် ကြာအောင် ခြေရာခံ လေ့လာခဲ့ကြသည်။
**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪**

**ဘဝတစ်သက်တာ၏ အချိန်အများစုကို အစားအစာကြွယ်ဝသည့် ကမ်းရိုးတန်းဒေသတစ်လျှောက် ကူးသတ်သွားလာရင်းကုန်ဆုံးတတ်ကြသည့် ငါးလိပ်စွန်များအနက်မှ တစ်ကောင်ကို တွေ့ရစဉ်။**

ကြေးမုံ စာတည်းရှုထောင့် ၁၆-၅-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

# သုံးနားညီ အင်အားပြည့်ဆောင်ရွက်

စာတတ်မြောက်မှုသည် လူ့အခွင့်အရေးတစ်ခု။ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်မှု ကိရိယာတစ်ခု၊ လူမှုရေးနှင့် လူသားဖွံ့ဖြိုးတိုးတက်ရေး နည်းစဉ်တစ်ခု၊ တစ်နည်းအားဖြင့် စာတတ်မြောက်ခြင်းသည် ကိုယ်ရည်ကိုယ်သွေး၊ လူမှုရေး၊ နိုင်ငံရေး အကျိုးသက်ရောက်မှုများကိုသာမက ဘဝကို စီမံဖွံ့ဖြိုးနိုင်စွမ်းရှိသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတိုင်းက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လာကြခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး ပညာရေးပြုပြင်ပြောင်းလဲမှုများ ကြံဆအားထုတ်နေကြပေပြီ။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍတွင် ကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ထားသည်။ ဆရာ ဆရာမ နှစ်သိန်းကျော်ရှိသည်။ ကျောင်းများ တိုးပွားလာခြင်းသည် အားတက်ဖွယ်ရာဖြစ်သည်။ ကလေးသူငယ်များ လက်လှမ်းတမီ သင်ကြားနိုင်သည့်နေရာတွင် အရည်အချင်းပြည့် ဆရာ ဆရာမ ပြည့်ပြည့်စုံစုံ ခန့်ထားသင်ကြားခြင်းဖြင့် ကျောင်းသားနှင့် ဆရာ ထိတွေ့နိုင်မှု ပိုမိုလာမည်ဖြစ်သည်။

ကျောင်းစာသင်ခန်းအတွင်း အရာရာကို အလွတ်ကျက်မှတ်စေခြင်းထက် စနစ်တကျ စဉ်းစားတွေးခေါ်တတ်ရေး လေ့ကျင့်ပေးရန် လိုအပ်မည်ဖြစ်သည်။ ကျောင်းသားငယ်များ၏ ဘဝကို ငယ်စဉ်ကပင် ကောင်းမွန်သည့် အလေ့အကျင့်များ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ကလေးသူငယ်များ၏ စာသင်ဘဝတွင် ကျောင်းနေပျော်၍ စာတော်ရေးဦးစားပေးသင့်သည်ဖြစ်ရာ အနီးကပ်စာပေသင်ကြားပို့ဖော်ပေးနေသူများ၏ ဘဝသာယာရေး ဖန်တီးပေးနိုင်ရေးသည်လည်း လိုအပ်ချက်တစ်ခုအဖြစ် တွေ့ရသည်။

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူရာတွင် စာပေဥယျာဉ်မှူးများ ချမ်းချမ်းမြေ့မြေ့ သာသာယာယာ အချိန်ပြည့် မြှုပ်နှံသင်ကြားမှုသည် သော့ချက်ဖြစ်သည်။ ပီတိကိုစား အားရှိပါ၏ဆိုသော်လည်း တစ်သက်တာ စေတနာဖြင့် လုပ်ကိုင်နိုင်ရေး ဆရာ ဆရာမများဘဝ မြှင့်တင်မှုအစီအစဉ်များကိုလည်း တိုးမြှင့်ဖြည့်ဆည်းပေးရဦးမည်ပင်။

သင်ယူမှုနည်းများမြှင့်တင်ရာတွင် သင်ရိုးစနစ်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။ ယခုအခါ တတ်မြောက်စေလိုသည့်စေတနာဖြင့် များပြားလှသည့် သင်ရိုးများကို လပိုင်းမာတိကာများ ရေးဆွဲ၍ သင်ကြားနေကြသည်။ သက်ဆိုင်ရာသို့ သင်ရိုးများပြီးစီးကြောင်းတင်ပြနိုင်ရေး တက်သုတ်ရိုက်သင်ကြားကြရသည်ဖြစ်ရာ ကျောင်းသားများ တွေးခေါ်စဉ်းစားနိုင်ရေး အချိန်ပေးသင်ကြားနိုင်မှု အားနည်းလာလျက်ရှိသည်။

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုတွင် စဉ်းစားတွေးခေါ်နိုင်ရေး၊ အချင်းချင်းတိုင်ပင် လုပ်ကိုင်တတ်ရေး၊ ယုံကြည်မှုဖြင့် အခက်အခဲပြဿနာများ ဖြေရှင်းတတ်ရေးတို့ကို ဦးစားပေးလေ့ကျင့်သင်ကြားကြရပေမည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့်သာ သင်ရိုးလည်းကုန် အကျိုးလည်းရှိသည့် ပညာသင်နှစ်တစ်ခု ကုန်ဆုံးသွားမည်ဖြစ်သည်။

ယနေ့ကာလသည် ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံသစ်ကို တည်ဆောက်နေချိန်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးသန္နိဋ္ဌာန်ပြင်းပြမှု၊ ကောင်းမွန်သည့် အစီအမံနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ပဓာနအရေးပါသည်။ မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားမှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်။ ကလေးငယ်များ၏ ပညာသင်နှစ်တစ်နှစ်ကို အရည်အသွေးမြင့် ပညာရေးတတ်မြောက်ရရှိ ဖြတ်သန်းနိုင်ရေး နိုင်ငံတော်အစိုးရ၊ မိဘများနှင့် စေတနာပြည့်ဝ ဆရာ ဆရာမများ သုံးနားညီ အင်ပြည့်အားပြည့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ရှုမြင်မိပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား Johns Hopkins University မှ ဧည့်သည်အဖွဲ့တွေ့ဆုံ



**နေပြည်တော် မေ ၁၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အမေရိကန်နိုင်ငံ Johns Hopkins University မှ Vice-Dean for Science and Research Infrastructure Dr. Gregory F. Ball နှင့် Vice-Dean of Humanities, Social Science and Graduate Programs Professor of Political Science Dr. Kellee S. Tsai တို့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီး ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့ တက်ရောက်ကြပြီး ရန်ကုန်တက္ကသိုလ်၌ Centre of Excellence တည်ထောင်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ CPE ဟောပြောပွဲတစ်ရပ်ကို ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ခေါင်းစဉ်ဖြင့် မေ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည် ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန် မေ ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြ ပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့ စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် မေးမြန်းဆွေးနွေးလိုသည်များကို စာဖြင့်ရေးသား၍ အသင်းရုံးခန်းသို့ မေ ၁၇ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မိုးမကျမီ ကူးတို့ စက်လှေကြီးများ ကြံ့ခိုင်မှုရှိရေးအတွက် ပြင်ဆင်

**နေပြည်တော် မေ ၁၅**

မြောက်မှတောင်သို့ ရှည်လျားစွာစီးဆင်းလျက်ရှိသော စစ်တောင်းမြစ်ကြောင်းတစ်လျှောက်နေ ဒေသခံများသည် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အခြားကိစ္စအဝဝတို့တွင် မြစ်ကူး ကူးတို့လှေများကို အဓိကအားထားလျက် သွားလာကြရသည်။ မိုးရာသီကုန်ဆုံး၍ ဆောင်းနှင့် နွေရာသီရေနည်းပါးချိန်၌ မြစ်ကူးကူးတို့အလိုက် ယာယီတံတားများကို အသုံးပြုသွားလာကြသည်ကို တွေ့ရသည်။ နွေရာသီကာလအပူချိန်မြင့်တက်ချိန်တွင် သစ်သားလှေကြီးများ ကွဲအက်ခြင်းမရှိစေရန် ရေအောက်၌ မြှုပ်ထားလေ့ရှိပြီး ယခုလို ရာသီကြိုကာလရောက်မှ လှေအပေါက်ဖာခြင်း၊ ချိတ်ကြီးများ မြှုပ်ထည့်ခြင်းနှင့် ဆေးသုတ်ခြင်းတို့ ပြုလုပ်ကြရသည်။ **(အောက်ဝဲပုံ)**

မကြာမီ မိုးများအဆက်မပြတ်ရွာသွန်းသည့်အခါ ယာယီတံတားများဖြုတ်သိမ်းပြီး မြစ်ကူး ကူးတို့စက်လှေများ လုပ်ငန်းခွင်ဝင်ရောက်ကြတော့မည်ဖြစ်၍ လိုက်ပါစီးနင်းသူများ အန္တရာယ်ကင်းရှင်းရေးအတွက် လှေကြံ့ခိုင်မှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။ (၅၇၈)



# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၃၀. ၀၀၀ | ၀. ၀၀၁၂၁ |
| ထိုင်း (ဘတ်) | ၃၁. ၃၃၀၀ | ၀. ၀၃၁၉၂ |
| တရုတ် (ယွမ်) | ၆. ၃၁၉၁၀ | ၀. ၁၅၈၂၅ |
| အိန္ဒိယ (ရူပီး) | ၅၃. ၇၉၅၀ | ၀. ၀၁၈၅၉ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၈၂၅၀ | ၀. ၃၂၄၄၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၅၈၀ | ၀. ၇၉၆၃၁ |
| ဂျပန် (ယန်း) | ၈၀. ၀၄၃၀ | ၀. ၀၁၂၄၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၃. ၀၉ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၈၀၀၃ | ၁. ၂၈၂၀၁ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၃၈၂ | ၁. ၆၀၃၀၂ |

*အင်တာနက်။*

# မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၆-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

၇း၁၀ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၃၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅ ရွှေဟောင်းသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၃)
၆း၂၀ Mail Box
၆း၃၅ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၅၀)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၃၅)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
ရယ်စရာပျော်စရာဟာသကမ္ဘာ -ဂမ္ဘီရရေမွှေး (အပိုင်း-၂) (ဇာတ်သိမ်း) (ကောင်းပြည့်၊ စံရတီမိုးမြင့်၊ ဇော၊ ဗေလုဝ၊ ခင်လှိုင်၊ ဝက်မ၊ တက္ကသိုလ်ဂွမ်းပုံနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)]
အိုင်စီတီသုတ
**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရိုက်အရာ (အပိုင်း-၁၃)**
**-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

# ရန်ကင်းမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

**ရန်ကုန် မေ ၁၅**

ရန်ကင်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စာရေးဆရာအသင်းဖွဲ့စည်းရေး အခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ အခမ်းအနားတွင် သဘာပတိ ဒေါက်တာတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဝင်း(မနုဿကျော်ဝင်း)တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းကာ အတည်ပြုချက်ရယူကြသည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌ ဦးလှတိုး(တိုးထက်)၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့် (ထီလာစိုးမြင့်ထယ်)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (သတင်းထောက်-ခင်မောင်ညွန့်)၊ တွဲဖက်အတွင်းရေးမှူး ဦးထိန်ဝင်း (ပန်းတနော်ထိန်ဝင်း)၊ ဘဏ္ဍာရေးမှူး ဦးတင်မောင်ဝင်း (မောင်မြို့ပြ)နှင့် မြို့နယ်အလုပ်အမှုဆောင်များအဖြစ် ဦးမြင့်သိန်းဖေ (မြင့်သိန်းဖေ-မိတ္ထီလာ)၊ ဦးသန်းမောင် (သတင်းထောက်-သန်းမောင်)၊ ဦးစန်းဝင်းမိုး(ရန်ကင်း- စန်းဝင်းမိုး)နှင့် ဦးရွှေစင်အောင် (ရွှေစင်အောင်-ဟိုတယ်)တို့အား ရွေးချယ်ကြသည်။

ဆက်လက်၍ ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌဦးလှတိုး(တိုးထက်)နှင့် ဒေါက်တာ တင်အောင်ရွှေ (တင်အောင်ရွှေ- သုတေသီ)တို့အား ရွေးချယ်ကြပြီး အမှုဆောင်အဖွဲ့က သဘာပတိရွေး၍ ကတိသစ္စာခံယူကာ ဥက္ကဋ္ဌသစ် ဦးလှတိုး (တိုးထက်)က အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ (ကိုကြီးသာ)

# ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်စက် ပေးအပ်လှူဒါန်း

**ကောလင်း မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ လူနာများအသုံးပြုရန် အောက်ဆီဂျင်စက်တစ်လုံး ပေးအပ်လှူဒါန်းပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီတွင် အဆိုပါပြည်သူ့ဆေးရုံအစည်းအဝေးခန်းမဆောင်၌ ပြုလုပ်ရာ ကွယ်လွန်သူ ဒေါ်သောင်းစိန်အား ရည်စူး၍ ကောလင်းမြို့ မြို့မရပ်နေ ဦးသိန်းမောင်(ကျောင်းဆရာကြီး-ငြိမ်း) ယု-နို့ဆီ ရောင်းဝယ်ရေးမိသားစုက မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်စိုးသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

(၂၁၄)

# ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ **မီးသတ်ဦးစီးဌာန**

◆ကျောဖုံးမှ

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ဌာန၏ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မိမိတို့ ဝန်ထမ်းများ၏ အားတစ်ခုတည်းဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန် မည်သို့မျှ မဖြစ်နိုင်ကြောင်း။

ထို့အပြင် ပြီးပြည့်စုံအောင်မြင်သည့် အဆင့်တစ်ခုကိုလည်း မည်သို့မှမရောက်နိုင်ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် စာပေနှင့် အနုပညာတာဝန်များကို ထမ်းဆောင်ရာတွင် ခေတ်အဆက်ဆက် စာပေနှင့် အနုပညာရှင် ဆရာကြီး ဆရာမကြီးများ၏ အားကို ရယူပြီး အစဉ်တစိုက် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာကြီး ဆရာမကြီးများဘက်ကလည်း မိမိတို့နှံ့သိကျွမ်းကျင်လိမ္မာသည့် စာပေနှင့် အနုပညာဆိုင်ရာ လုပ်ငန်းကိစ္စရပ်များတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစဉ်တစိုက် ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့သည့်အတွက် လွန်စွာပင်ကျေးဇူးကြီးမားပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် ယခုကဲ့သို့ သီးခြားအခမ်းအနားဖြင့် ချီးမြှင့်ဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် စာပေ၊ ရုပ်ရှင်၊ ဂီတစသဖြင့် အနုပညာနယ်ပယ် အသီးသီးမှ ဂုဏ်ပြုခံဆရာကြီး ဆရာမကြီး ပေါင်း ၁၅၂ ဦးအား ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ချီးမြှင့်ရာတွင် (၁) ဆရာကြီး ဆရာမကြီးများ၏ တိုင်းပြည်နှင့် လူမျိုးအပေါ်၊ မိမိတို့ဌာနအပေါ်ထားရှိသည့် မွန်မြတ်လှသည့် စေတနာဂုဏ်၊ (၂)လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ရွေးချယ်ဆောင်ရွက်မှုများတွင် အဂတိတရားလေးပါးကင်းစင်ပြီး တော်တည့်မှန်ကန်စွာ ဆုံးဖြတ် ဆောင်ရွက်ခဲ့ကြသည့်ဂုဏ်၊(၃)ဆရာကြီး ဆရာမကြီးများမှာ များသောအားဖြင့်အသက်အရွယ်ကြီးရင့်နေသူများ ဖြစ်သော်ငြားလည်း အသက်အရွယ်နှင့် မမျှအောင် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ တစ်နည်းအားဖြင့် အမျိုးသားရေးတာဝန်များကို ကာယအား၊ ဉာဏအား၊ ဝီရိယအား ပေါင်းစပ်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် ဂုဏ်ဆိုသည့် ကြီးမြတ်လှသည့် ဂုဏ်(၃)ရပ်ကို အဓိကရည်မှန်းပြီး မိမိတို့က တလေးတစား တန်ဖိုးထားဂုဏ်ပြုခြင်း ဖြစ်ပါကြောင်း။

ယခုအခမ်းအနားသည် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားဖြစ်သည်နှင့်အညီ အခမ်းအနား၏ သဘောတရားအရ ဂုဏ်ပြုလက်ဆောင်များပေးအပ်ခြင်းဖြစ်သော်လည်း အမှန်တကယ် ဆရာကြီး ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးများသည် မည်သည့်ဂုဏ်ပြုလက်ဆောင်နှင့်မျှ တန်ဖိုးဖြတ်၍ မရနိုင်သည်ကိုလည်း မိမိတို့ရင်ထဲ နှလုံးသားထဲကနေ အလေးအနက်ခံယူထားပါကြောင်း၊ အလားတူ ဆရာကြီး ဆရာမကြီးများဘက်ကလည်း မိမိတို့၏ မပြောပလောက်သည့် ဂုဏ်ပြုချီးမြှင့်မှုကို မကြည့်ဘဲ မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းများအားလုံး၏ စေတနာ၊ လေးစားမှု၊ တန်ဖိုးထားမှုများကို အသိအမှတ်ပြုပြီး ဝမ်းမြောက်စွာ လက်ခံပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါကြောင်း။

ယနေ့ကျင်းပသည့် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေ စာမူဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ မြန်မာ့ရည်ညွှန်းကျမ်းစိစစ်ရေး အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာ အဖွဲ့ဝင်များ၊ ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်းစိစစ်ရေး ကော်မတီ အဖွဲ့ဝင်များအားလုံးကို တပေါင်းတစည်းတည်း ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ဖော်ပြပါအဖွဲ့ဝင် ဆရာကြီး ဆရာမကြီးများအားလုံးသည် စာပေနှင့် အနုပညာဆိုင်ရာစိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ ရွေးချယ်ခြင်း၊ ပြုစုခြင်းတို့ကို သဘာဝဓမ္မအရ မလွဲမသွေရင်ဆိုင်လာရပြီဖြစ်သည့် ဇရာနှင့်ဗျာဓိကို ကြံ့ကြံ့ခံ အန်တုပြီး အသက်အရွယ်နှင့်မမျှအောင် မိမိတို့၏ အဖိုးတန်လှသည့် အချိန်များကိုပေးဆပ်ပြီး ကာယအား၊ ဉာဏအားများ စိုက်ထုတ်ဆောင်ရွက်ပေးခဲ့ကြခြင်း ဖြစ်သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ဆရာကြီး ဆရာမကြီးများ၏ ကြီးမြတ်သည့်ဂုဏ်ကျေးဇူးများကို အလေးအနက် တန်ဖိုးထားသည့် စိတ်ရင်းစေတနာအမှန်ဖြင့် ယနေ့ အခမ်းအနားကျင်းပပြီး ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်အနာဂတ်တွင်လည်း ဆရာကြီး ဆရာမကြီးများဘက်က ယခုကဲ့သို့ပင် အစဉ်အလာမပျက် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်သည်ထက်အောင်မြင်အောင် ဆက်လက်ပူးပေါင်း ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် အလေးအနက်ပန်ကြားလိုကြောင်း၊ မိမိတို့ဘက်ကလည်း ဆရာကြီး ဆရာမကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုအားကို ရယူပြီး မိမိတို့ဌာန၏ လုပ်ငန်းတာဝန်များကို အောင်မြင်သည်ထက် အောင်မြင်အောင်၊ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုနိုင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု ရွေးချယ်ရေးနှင့် မြန်မာ့ရည်ညွှန်းကျမ်းစိစစ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ကိုယ်စား ဦးစိုးသိမ်း(မောင်ဝံသ)အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်းစိစစ်ရေးအဖွဲ့မှ အဖွဲ့ဝင်များကိုယ်စား ပျဉ်းမနားမြင့်လှိုင်အား လည်းကောင်း၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆု ရွေးချယ်ရေးနှင့် မြန်မာ့ရည်ညွှန်းကျမ်းစိစစ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များကိုယ်စား ဦးစိုးသိမ်း(မောင်ဝံသ)အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန် အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့များမှ အဖွဲ့ဝင်များကိုယ်စား ရွှေနေချပ်ရုံး ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်ပိုပိုကြည်အား လည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ယင်းနောက် ပူးပေါင်းဆောင်ရွက်ပေးသော ပညာရှင်များကိုယ်စားအမျိုးသားစာပေဆုစိစစ်ရေးကော်မတီအဖွဲ့ဝင် စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ ချီးမြှင့်ပွဲတွင် ၂၀၁၀-၂၀၁၁ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ၌ ပါဝင်ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်း ၅၂ ဦးနှင့် ပြင်ပမှ ပညာရှင် ၁၀၀ စုစုပေါင်း ၁၅၂ ဦးအတွက် ချီးမြှင့်ငွေကျပ် ၂၁၀၅၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



# ဒုတိယဝန်ကြီး ဦးကျော်လွင်အား JICA အဖွဲ့ တွေ့ဆုံ

**ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်အား ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ Senior Advisor on Infrastructure Mr. Masahiko SUZUKI ဦးဆောင်သော အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**နေပြည်တော် မေ ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်အား ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ Senior Advisor on Infrastructure Mr. Masahiko SUZUKI ဦးဆောင်သော အဖွဲ့သည် မေ ၁၄ ရက်နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကူအညီပေးနိုင်ရေးအတွက် ကွင်းဆင်းလေ့လာမှုများ၊ ဆက်လက်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပူးပေါင်း ဆောင်ရွက်ပေးရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ငြိမ်းချမ်းသာ ပြည်ချမ်းသာ**

အတွေးအမြင် | ဆွေညီ

# တစ်ဦးချင်းမှသည် တစ်နိုင်ငံလုံး . .
# တစ်ဂါလန်မှသည် ဂါလန်ပေါင်းများစွာ . .
# မီးတစ်ပွင့်စီမှသည် မီးပွင့်ပေါင်းများစွာ . .
# ကျွန်တော်တို့အားလုံး ခြိုးခြံချွေတာသွားဖို့လိုပါသည်

ဖေဖေက ဘိုးဘိုးနှင့် ဘွားဘွားတို့ကို ဦးချကန်တော့တော့ ဘိုးဘိုးက ထုံးစံအတိုင်း အသံကျယ်ကျယ်ဖြင့် ဆုရှည်ရှည်ပေးသည်။ ဘွားဘွား၏ ဆုပေးမှုကတော့ တိုးတိုးလေးနှင့် တိုတိုသာ။ ပြီးတော့မှ ကျွန်တော်တို့ဘက်သို့ ဖေဖေလှည့်လာတော့ မေမေ၊ မမဥနှင့် ကျွန်တော်တို့က ဖေဖေ့ကို ကန်တော့ကြသည်။

ဖေဖေနိုင်ငံခြားခရီးသွားတိုင်း ပြုလုပ်သည့် လုပ်ရိုးလုပ်စဉ် နှုတ်ဆက်ပွဲပြီးသွားတော့ ဖေဖေနှင့် ရုံးကားမောင်း ဦးတင်ထွန်းဦးတို့နှစ်ဦး ကားတစ်စီးဖြင့် ထွက်ခွာသွားသည်။

ဟိုးစဦးတစ်ကြိမ်၊ နှစ်ကြိမ်တုန်းကတော့ မေမေက လေဆိပ်လိုက်ပို့မည် ပြောဖူးသေးသည်။ ဖေဖေက လက်မခံ။ ဖေဖေ့အိုင်ဒီယာက "ကိုယ်တို့နိုင်ငံက ဆင်းရဲတဲ့နိုင်ငံဖြစ်တာမို့ တစ်ဦးချင်းစီ ခြိုးခြံချွေတာလို့ရတာကို ခြိုးခြံချွေတာဖို့ လိုတယ်လို့ ကိုယ်ထင်တယ်။ မိသားစုလိုက်ပို့ရင် နောက်ထပ်ကားတစ်စီးလိုက်ရမယ်။ ဆီကုန်မယ်။ ကားတစ်စီး ခြိုးခြံချွေတာလိုက်တာ မသိသာပေမယ့် ကိုယ့်လိုအတွေးတူတဲ့လူတွေ များများရှိလာရင် သုံးလို့ကုန်သွားမယ့်ဆီတွေ မကုန်တော့ဘဲ ကျန်နေမယ်။ ကိုယ်တို့နိုင်ငံက စက်သုံးဆီကို လောက်အောင် မထုတ်လုပ်နိုင်သေးဘူး၊ ဝယ်ယူမဖြည့်တင်းနိုင်သေးဘူးမဟုတ်လား။ ဒါကြောင့် ကိုယ်ပြန်လာလည်း လေဆိပ်လာမကြိုစေချင်ဘူး။"

နောက်ပိုင်းတော့ ဖေဖေလိုလားချက်အတိုင်း မိသားစုကပါ သဘောတူကြည်ဖြူနားလည်ပေးကြသည်မို့ ဖေဖေလည်း စိတ်ချမ်းမြေ့ရသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်တုန်းက လျှပ်စစ်မီးနှင့် ပတ်သက်၍ ခြိုးခြံချွေတာဖို့ ဖေဖေပြောခဲ့တာလေးကိုလည်း ဖောက်သည်ချချင်ပါသေးသည်။ မေမေနှင့် မမဥက ခြံထဲတွင် လျှပ်စစ်မီးများဖြင့် အလှဆင်ချင်သည်။ ဖေဖေက "ဓာတ်အားခ ပေးရတာက ပြဿနာမဟုတ်ပါဘူး၊ လျှပ်စစ်ဓာတ်အားကို ခြိုးခြံချင်တယ်။ ဖေဖေတို့နိုင်ငံက လျှပ်စစ်ဓာတ်အား မလုံလောက်သေးဘူး။ ဆောက်လက်စ စက်ရုံတွေပြီးမှ လျှပ်စစ်ဓာတ်အား လုံလောက်ရုံတင်မကဘူး ပြည်ပကိုပါ ထုတ်ရောင်းနိုင်လာမယ်လို့ သိရတယ်။ အခု မလုံလောက်သေးချိန်မှာ ဖေဖေတို့နည်းနည်းခြိုးခြံချွေတာရင် လူတစ်ယောက်လား၊ မိသားတစ်စုလား၊ ရပ်ကွက်တစ်ခုလား ပိုပြီး မီးသုံးလာနိုင်မယ်။ ဖေဖေတို့အိမ်က ချုံပုတ်ထဲတောင် မီးလင်းနေတဲ့အချိန်မှာ တစ်နေရာမှာ လျှပ်စစ်မီးအားမရလို့ စားရေး၊ နေရေး အစစအရာရာ ဒုက္ခရောက်နေတဲ့သူတွေ၊ မလည်ပတ်နိုင်ဘဲ ရပ်ထားရတဲ့ စက်ရုံ၊ အလုပ်ရုံတွေ ရှိနေလိမ့်မယ်လို့ စာနာစိတ်ကလေးထားကြရအောင်ကွာနော်"

ဖေဖေသည် စာအုပ်ကြီးသမား၊ တရားသေသမားတစ်ဦးမဟုတ်ပါ။ သားအဖချင်းဖြစ်သော်လည်း ကျွန်တော်နှင့် ဖေဖေသည် ရင်းရင်းနှီးနှီး တိုင်တိုင်ပင်ပင်နေတတ်သဖြင့် ဖေဖေ့အကြောင်းကို ကျွန်တော် တော်တော်လေးသိသည်။ ဖေဖေသည် ဝန်ထမ်းများနှင့် ဆက်ဆံရာတွင်လည်း အမိန့်ပေးသူတစ်ဦးထက် နားလည်လက်ခံအောင်ဆွေးနွေးပြီး စိတ်လိုလက်ရ လက်သင့်ခံလာအောင် စည်းရုံးနိုင်သူတစ်ဦးအဖြစ် ကျွန်တော်အမှတ်ပေးမိသည်။

ကျွန်တော်သည် ဖေဖေ၏ကျေးဇူးကြောင့် ယခုအခါ အချိန်ကိုလေးစားလိုက်နာသူ တစ်ဦးဖြစ်လာရသည်။ ဖေဖေသည် အချိန်နှင့်ပတ်သက်လာလျှင် တိကျမှုရှိသူဖြစ်သည်။ ဖေဖေပြောဖူးသည်။ "ဖေဖေတို့ပတ်ဝန်းကျင်မှာ ပြောနေဆိုနေကြတာတွေရှိတယ်။ မြန်မာစံတော်ချိန်လေဆိုတာရယ်၊ မြန်မာလက်သမားပဲ ဒီလောက်တော့ရှိမှာပေါ့ဆိုတာရယ်ပဲ။ ဖေဖေ့အထင်တော့ လူကြီးက မနက် ၁၀ နာရီမှာ အခမ်းအနားတို့၊ အစည်းအဝေးတို့၊ တွေ့ဆုံပွဲတို့ကျင်းပမယ်ဆိုရင် အောက်က အဆင့်အဆင့်အချိန်တွေခိုးလာလိုက်တာ တစ်ခါတလေ မနက် ၅ နာရီ၊ ၆ နာရီကတည်းက စောင့်ရတာတွေရှိတယ်။ ဒီလိုနဲ့ တဖြည်းဖြည်းနဲ့ ကြာလာတော့ လာတဲ့လူကလည်း သူ့စိတ်နဲ့နှိုင်းပြီး ဒါက ဘယ်နှနာရီ ကြိုခေါ်တာဖြစ်မယ်ဆိုပြီးနောက်ကျမှရောက်လာရော၊ တာဝန်ခံရတဲ့ပုဂ္ဂိုလ်ကလည်း လာတဲ့လူတွေကို စိတ်မချတော့ အချိန်ကို သူစိတ်ချရတဲ့အထိ ကြိုခေါ်ရော၊ အချိန်မလေးစားတဲ့လူက လာချင်တဲ့အချိန်လာမယ်၊ အချိန်လေးစားတဲ့ လူက ချိန်းထားတဲ့အချိန်ထက် ၁၅ မိနစ်၊ နာရီဝက် ကြိုလာမယ်။ တကယ်လုပ်တဲ့အချိန်နဲ့ အရမ်းကွာနေတော့ အချိန်လေးစားချင်စိတ်ရှိတဲ့သူတွေပါ စိတ်ဓာတ်ပျက်လာရော။ ဒီလိုနဲ့ သံသရာလည်ပြီး အချိန်နဲ့ပတ်သက်ရင် မလေးစားတဲ့မြန်မာတွေ များလာတယ်လို့ထင်တယ်။ မြန်မာစံတော်ချိန်ပါကွာဆိုပြီး ပြက်ရယ်ပြုစရာဖြစ်လာတယ်။ လူ့သက်တမ်းတိုတိုလေးမှာ အချိန်တွေဒီလိုဖြုန်းတီးပစ်တာ အများကြီးနစ်နာတယ်။ အချိန်လေးစားတဲ့လူဟာ လူလေးစားခံရတယ်။

"ဒီလိုပဲ မစေ့စပ် မသေချာတဲ့ အလုပ်လုပ်တဲ့သူတွေကို ဟိုရှေးကတည်းက စံရွေးစံကိုက်ဖြစ်သလိုလုပ်ခဲ့တဲ့သူတွေကြောင့် မြန်မာလက်သမားပဲ ဒီလောက်တော့ရှိမှာပေါ့ဆိုပြီး ပြက်ရယ်ပြုစရာစကားရှိလာတယ်။ ဒီလိုနိုင်ငံနှင့် လူမျိုးနဲ့ချီပြီး ထိခိုက်လာနိုင်တဲ့ကိစ္စတွေကို တစ်ဦးချင်းကစပြီး ထိန်းသိမ်းပြုပြင်သွားမှုဖြစ်မယ်။ ဖေဖေတို့နိုင်ငံက စာတတ်မြောက်မှုနှုန်းမြင့်ပေမယ့် အကြောင်းကြောင်းကြောင့် စာဖတ်အားနည်းနေတယ်။ စာပေထဲမှာပါတဲ့ အသိပညာတွေ၊ ဗဟုသုတတွေ၊ ကျင့်ဝတ်တွေကို တစ်ဦးချင်းသိပြီး လိုက်နာဆောင်ရွက်မှ နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမယ်။ ချမ်းသာလာမယ်။ ဒီလိုမှမဟုတ်ဘဲ အပျော်ဖတ်စာပေတွေ၊ ရယ်စရာရုပ်ရှင် ဗီဒီယိုတွေနဲ့ပဲ တစ်နေ့တစ်နေ့ အချိန်ဖြုန်းနေတဲ့သူတွေများနေရင် နိုင်ငံ့အတွက် ရင်လေးစရာကောင်းတယ်။"

ဖေဖေသည် ကျွန်တော်၏ စံပြပုဂ္ဂိုလ်ဖြစ်သလို ကျွန်တော်၏ ဟီးရိုးလည်းဖြစ်သည်။ ကျွန်တော်သည်လည်း ဖေဖေ့ အမှာစကားအတိုင်း တစ်ဦးချင်းခြိုးခြံချွေတာသည့်အနေဖြင့် နှစ်စဉ်ကျောင်းဖတ်စာ စာအုပ်အဟောင်းများ၊ မှတ်စုစာအုပ်အဟောင်းများကို နွမ်းပါးသူများထံ ကျောင်းဖွင့်ချိန်မတိုင်မီ လှူဒါန်းခြင်း၊ မလိုအပ်သော ဖတ်စာအုပ် အသစ်ကိုမဝယ်တော့ဘဲ ကျွန်တော်၏အစ်မဖြစ်သူ မမဥ၏ ဖတ်စာအုပ်အဟောင်းများကို အသုံးပြုခြင်းပြုလုပ်ပါသည်။ အချိန်ကိုလည်း မဖြုန်းတီးမိအောင် ကြိုးစားနေပါသည်။ နှမ်းတစ်လုံးဖြင့် ဆီမဖြစ်သော်လည်း ခြိုးခြံချွေတာခြင်းကို တတ်နိုင်သလောက် ကျွန်တော်လုပ်သည်။ ကျွန်တော်၏အခန်းထဲတွင် ကျွန်တော်ဖေဖေ့စကားကို သတိရချိန်တိုင်း မီးပိတ်လိုက်မိသည်။ ကျွန်တော်မီးပိတ်လိုက်၍ ပိုသွားသောလျှပ်စစ်ဓာတ်အားကြောင့် အခြားသူတစ်ဦးတွင် လျှပ်စစ်မီးလေးရသွားနိုင်သည်ဟု တိတ်တခိုးဖြင့် ပီတိဖြစ်နေမိသည်။ မေမေနှင့် မမတို့သည်လည်း ဖေဖေ၏စည်းရုံးနိုင်မှုကြောင့် ရံဖန်ရံခါ အခန်းထဲတွင် မီးပိတ်ပြီးထိုင်နေတတ်သည်ကိုတွေ့လာရသည်။ အနည်းဆုံးတော့ ကျွန်တော်တို့မိသားစုလေးယောက် ခြိုးခြံချွေတာလိုက်သော မီးပွင့်လေးများကြောင့် တစ်နေရာရာတွင် မီးအလင်းရောင်ပိုရနေသည်မှာ သေချာပါသည်။

ကျွန်တော်တို့ တစ်ဦးချင်းစီက ထိုသို့ ခြိုးခြံချွေတာမှုများကို သူတစ်ပါးသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လိုက်နာလုပ်ဆောင်သွားကြမည်ဆိုပါလျှင် တိုင်းပြည်အတွက် တာဝန်ကျေပွန်သော နိုင်ငံ့သားကောင်းများဟု မိမိကိုယ်မိမိ ဂုဏ်ယူနိုင်မည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ဖေဖေ့စကားကို လက်ဆင့်ကမ်းလိုက်ရပါသည်။ ။

# ၁၇နှစ်အတွင်း ဆိုရှယ်လစ်ဝါဒီတစ်ဦးက ပြင်သစ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို

ပါရီ မေ ၁၅

**ဖရန်ဆွာဟော်လန်သည် မေ ၁၅ရက်တွင် ပြင်သစ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို၍ ၁၇ နှစ်ကာလအတွင်း အီးလိုင်းဆီးနန်းတော်သို့ရောက်ရှိလာသော ပထမဆုံးဆိုရှယ်လစ် ခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။**

**လွှဲပြောင်းပေးအပ်**

နန်းဆင်းသမ္မတ နီကိုလပ်ဆာကိုဇီက ၎င်း၏ အရိုက်အရာကို ဆက်ခံသော သမ္မတသစ် ဟော်လန်ကို နန်းတော် အဝင်အဝမှ လက်ဆွဲနှုတ်ဆက်ဆီးကြို၍ အတွင်းသို့ဦးဆောင်ခေါ်သွားကာ နှစ်ဦးသားဆွေးနွေးခဲ့ပြီး ပြင်သစ်နိုင်ငံ၏ နျူကလီးယားလက်နက်များ ပစ်လွှတ်သည့် လျှို့ဝှက်နံပါတ်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဟော်လန်၏ သမ္မတရာထူးလက်ခံမှု ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဧည့်သည်တော် ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ပြင်သစ်နိုင်ငံအား တရားမျှတသော နိုင်ငံအဖြစ် ပြန်လည်ဖော်ဆောင်ရန်၊ ဥရောပနှင့် ဆက်ဆံရေးလမ်းကြောင်းသစ်တစ်ရပ် ဖွင့်လှစ်ရန်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို အားပေးကူညီရန်နှင့် ကမ္ဘာမြေကြီးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတသစ် ဟော်လန်က ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ပြောကြားခဲ့သည်။

သို့သော် သမ္မတသစ် ဟော်လန်သည် သမ္မတသစ်တို့၏ အစဉ်အလာအတိုင်း အမိုးဖွင့်ကားဖြင့် အညတရစစ်သည် ဂူသင်္ချိုင်း၌ လွမ်းသူ့ပန်းခွေချရန် ထွက်ခွာစဉ် ပြည်သူများကို လက်ဝှေ့ယမ်းပြနှုတ်ဆက်ခဲ့သည်။

**အင်တာနက်။**



မေ ၁၅ရက်က ကျမ်းသစ္စာကျိန်ဆိုရန် အီးလိုင်းဆီးနန်းတော်သို့ ရောက်ရှိလာသော သမ္မတသစ် ဟော်လန်ကို သမ္မတဟောင်း ဆာကိုဇီက နန်းတော်တက်လှေကားရင်းမှ ဤသို့ ဆီးကြိုခဲ့သည်။

*ဓာတ်ပုံ-အင်တာနက်။*

## ယီမင်တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွား၊ အရပ်သားရှစ်ဦးသေဆုံး

ဂျား မေ ၁၅

ယီမင်နိုင်ငံတောင်ပိုင်းတွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားရာ အရပ်သားရှစ်ဦးထက်မနည်း သေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြောင်း မေ ၁၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုသည် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုလော၊ သို့မဟုတ် ယီမင်လေတပ်ဖွဲ့၏ လက်ချက်လောဟူသည်ကို သေချာစွာ ရှင်းလင်းမှုမရှိဟု ဆိုသည်။

မေ ၁၅ရက်က အက်ဘ်ယန်းပြည်နယ် ဂျားမြို့ရှိဒေသခံများ၏ နေအိမ်အဆောက်အအုံများကို လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ လူရှစ်ဦးသေဆုံးကြောင်း၊ အရပ်သား ၂၅ဦး ဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူများက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

သီးခြားဖြစ်ရပ်အနေဖြင့် အက်ဘ်ယန်ပြည်နယ်မှာပင် ယီမင်စစ်တပ်နှင့် စစ်သွေးကြွများအကြား တိုက်ပွဲဖြစ်ပွားရာ ယီမင်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည်။

ယီမင်စစ်ဘက်က မေ ၁၂ရက်တွင် ယီမင်နိုင်ငံတောင်ပိုင်း ပြည်နယ်ရှိ စစ်သွေးကြွများ ပုန်းအောင်းနေရာကို စစ်ဆင်ရေး စတင်ပြီးဗုံးကြဲတိုက်ခိုက်ခဲ့သည်။ သေကျေမှုအများဆုံးမှာ အရပ်သားများပင်ဖြစ်သည်။

ထိုနေ့မှာပင် အမေရိကန်မောင်းသူမဲ့လေယာဉ်များက ယင်းနေရာကိုပင်တိုက်ခိုက်ရာ လူ ၁၂ဦးထက်မနည်း သေဆုံးခဲ့ရသည်။ **အင်တာနက်။**





**အမြန်ရေယာဉ်များအသုံးပြု၍ လှုပ်ရှားဆောင်ရွက်နေသည့် ဆိုမာလီ ပင်လယ်ဓားပြများကို တွေ့ရစဉ်။**

## ဆိုမာလီပင်လယ်ဓားပြများ၏ မြေပြင်အခြေစိုက်စခန်းများကို ဥရောပသမဂ္ဂ ရေတပ်တပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်

မိုဂါဒစ်ရှူး မေ ၁၅

ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများမှ ရေတပ်တပ်ဖွဲ့ဝင်များသည် ဆိုမာလီနိုင်ငံ ကုန်းမြေပေါ်ရှိ ပင်လယ်ဓားပြများ၏ အခြေစိုက်စခန်းများကို ပထမဆုံးအကြိမ်အဖြစ် စီးနင်းတိုက်ခိုက်ကာ ပင်လယ်ဓားပြများ၏ ရေယာဉ်အချို့ကိုလည်း ဖျက်ဆီးခဲ့ကြောင်း မေ ၁၅ရက် အင်တာနက်သတင်းများ၌ ဖော်ပြထားသည်။

အီးယူ၏တပ်ဖွဲ့များအား ဆိုမာလီကမ်းခြေရှိ ဆိပ်ကမ်းမြို့ဟာရက်ဒ်ဟေးမှ ပင်လယ်ဓားပြများ၏ အခြေစိုက်စခန်းအနီးသို့ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ဆိုမာလီပင်လယ်ဓားပြများ ဖမ်းဆီးထားသည့် ရေယာဉ်ဝန်ထမ်းများနှင့် ရေယာဉ်များအတွက် စိုးရိမ်ကြောင့်ကြမှုများရှိနေ၍ ပင်လယ်ဓားပြနှိမ်နင်းရေးတပ်ဖွဲ့များအနေဖြင့် ပင်လယ်ဓားပြများ၏ မြေပြင်အခြေစိုက်စခန်းများအား တိုက်ခိုက်ရန် ဝန်လေးနေခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆိုမာလီပင်လယ်ဓားပြများသည် အိန္ဒိယသမုဒ္ဒရာပြင်တစ်လျှောက်ဖြတ်သန်းခုတ်မောင်းသည့် ရေယာဉ်များကို ဖမ်းဆီးကာ ၎င်းတို့အားပြန်လွှတ်ပေးရန်အတွက် ပြန်ပေးရွေးငွေ ပမာဏကို ကြီးမားစွာ တောင်းယူလေ့ရှိသည်။ ဆိုမာလီပင်လယ်ဓားပြများ လက်ဝယ်တွင်ပြန်ပေးဆွဲခံရေယာဉ် ၁၇ စင်းနှင့် ရေယာဉ်ဝန်ထမ်း ၃၀၀ နီးပါးခန့်ရှိနေသည်ဟု ယုံကြည်ရဖွယ်ရှိနေသည်။

ဆိုမာလီပင်လယ်ဓားပြများ နောက်ဆုံးဖမ်းဆီးပြန်ပေးဆွဲခဲ့သောသင်္ဘောမှာ ဂရိရေကြောင်းလိုင်းတစ်ခုမှ ပိုင်ဆိုင်သော ရေနံတင်သင်္ဘောဆာမာနီဖြစ်ပြီး အဆိုပါသင်္ဘောကို လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက အာရေဗျပင်လယ်အတွင်း၌ ပင်လယ်ဓားပြများက အပိုင်စီးခဲ့ခြင်းဖြစ်သည်။

လိုင်ဘေးရီးယားနိုင်ငံအလံလွှင့်ထူထားသည့် ရေနံတန် ၁၃၅၀၀၀ တင်ဆောင်ထားသည့် အဆိုပါသင်္ဘောသည် ဆိုမာလီနိုင်ငံသို့ ဦးတည်ခုတ်မောင်းနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ဆိုမာလီပင်လယ်ဓားပြများ၏ မြေပြင်အခြေစိုက်စခန်းများအား တိုက်ခိုက်မှုကို မေ ၁၄ ရက် ညကပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်မှုများအတွင်း၌ ဥရောပသမဂ္ဂတပ်ဖွဲ့ဝင်များနှင့် ဆိုမာလီပင်လယ်ဓားပြများထိခိုက်သေဆုံးမှုမရှိဟုဆိုသည်။

**အင်တာနက်။**

## အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်သို့ အာကာသယာဉ်မှူးသုံးဦးပါ ဆိုယုဇ်ဒုံးယာဉ်လွှတ်တင်



**မေ ၁၅ ရက်က လွှတ်တင်ခဲ့သည့် ရုရှားဆိုယုဇ် ဒုံးယာဉ်ကို တွေ့ရစဉ်။**

မော်စကို မေ ၁၅

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)သို့ အာကာသဆိုင်ရာ အင်ဂျင်နီယာသုံးဦးကို သယ်ယူပို့ဆောင်ပေးမည့် ဆိုယုဇ်ဒုံးယာဉ်ကို ကာဇက်စတန်နိုင်ငံရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ မေ ၁၅ရက် နံနက်ပိုင်းတွင် လွှတ်တင်ခဲ့ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

အဆိုပါဒုံးယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးမည့် အာကာသဆိုင်ရာ အင်ဂျင်နီယာသုံးဦးတွင် အမေရိကန်လူမျိုးတစ်ဦးနှင့် ရုရှားလူမျိုးနှစ်ဦးတို့ပါဝင်ပြီး ယင်းဒုံးယာဉ်ကို ကာဇက်စတန်နိုင်ငံရှိ ဘိုင်ကိုနူးအာကာသစခန်းမှ လွှတ်တင်ခဲ့ကြောင်း နာဆာဝက်ဆိုက်တွင် ဖော်ပြသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်တွင် ရုရှားလူမျိုး အာကာသယာဉ်မှူးတစ်ဦးနှင့် အမေရိကန်နှင့် နယ်သာလန်လူမျိုး ပျံသန်းရေးအင်ဂျင်နီယာနှစ်ဦးတို့ ရှိနေကြပြီး ယခုလွှတ်လိုက်သည့် ဆိုယုဇ်ဒုံးယာဉ်မှာ မေ ၁၇ ရက်တွင် အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်နိုင်မည်ဟု သတင်းတွင် ဖော်ပြသည်။

နိုင်ငံတကာအာကာသစခန်းယာဉ်ကို အမေရိကန်နိုင်ငံမှ နာဆာအဖွဲ့၊ ရုရှား၊ ဂျပန်၊ ဥရောပအာကာသအေဂျင်စီနှင့် ကနေဒါနိုင်ငံ အာကာသအေဂျင်စီများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ အာကာသလွန်းပြန်ယာဉ်များ ပျံသန်းမှုအစီအစဉ်ကို ရပ်ဆိုင်းလိုက်စဉ်ကပင် ၎င်း၏အာကာသယာဉ်မှူးများအား ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ပို့ဆောင်ရန် နည်းလမ်းမရှိတော့သည့် အမေရိကန်အာကာသအေဂျင်စီ (နာဆာ) အနေဖြင့် ၎င်း၏အာကာသယာဉ်မှူးများ အာကာသအတွင်း ပို့ဆောင်ရေးအတွက် ရုရှားအာကာသအေဂျင်စီကို သာအားထားနေရသည်။ **အင်တာနက်။**



## ကျူးဘားနိုင်ငံအရှေ့ပိုင်းတွင် ဘတ်စ်ကားတစ်စီးချောက်အတွင်းကျ လူငါးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရ

ဟာဗာနာ မေ ၁၅

မေ ၁၄ရက်က ကျူးဘားနိုင်ငံအရှေ့ပိုင်းတွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးအတွင်း ထိုးကျသွားရာ မိန်းကလေးငယ်တစ်ဦးအပါအဝင် ငါးဦးသေဆုံးကြောင်း၊ ခုနစ်ဦး ဒဏ်ရာရရှိကြောင်း အမျိုးသားရဲတပ်ဖွဲ့(ပီအင်န်အာရ်)က ပြောကြားသည်။

ကျူးဘားနိုင်ငံ မြို့တော်ဟာဗာနာအရှေ့ဘက်မှ ၇၃၅ ကီလိုမီတာကွာဝေးသော ဟိုလ်ကွင်းပြည်နယ်၊ ရာမေးလ်ဖရီးရီမြို့တွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီး ဆင်ခြေလျှောအတိုင်း မောင်းနှင်စဉ် တိမ်းမှောက်ကာ ချောက်ကမ်းပါးအတွင်းကျသွားခြင်းဖြစ်ကြောင်း ပီအင်န်အာရ်အဖွဲ့မှ ရဲအရာရှိ ဂျူအန်းကာလို့စ်ပွန်ဆီကာက ကျူးဘားသတင်းဌာနသို့ ပြောကြားခြင်းဖြစ်သည်။

ဖြစ်ပျက်မှုနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့စေလွှတ်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ သေဆုံးသူ အားလုံးမှာ နေရာတွင်ပွဲချင်းပြီးသေဆုံးခြင်းဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။ ကျူးဘားနိုင်ငံတွင် လမ်းမတော်တဆဖြစ်မှုများမှာ ပဥ္စမမြောက် လူသေဆုံးမှုအများဆုံးဖြစ်ရပ်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

## အီရန် နျူကလီးယားသိပ္ပံပညာရှင်ကို လုပ်ကြံသူအား ကြိုးပေး

တီဟီရန် မေ ၁၅

လွန်ခဲ့သည့် နှစ်နှစ်ခန့်က အီရန်နျူကလီးယား သိပ္ပံပညာရှင်တစ်ဦးအား လုပ်ကြံသတ်ဖြတ်ခဲ့သူကို ကြိုးပေးကွပ်မျက်လိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက အင်္ဂါနေ့တွင် ဖော်ပြသည်။ ၂၀၁၀ခုနှစ် ဇန်နဝါရီလအတွင်း၌ ပါမောက္ခ မာဆွတ် အလီ မိုဟာမက်ဒီကို ၎င်း၏နေအိမ်အပြင်တွင် မာဂျစ်ဂျာမာ ဘီဖာရှိ (၂၄)နှစ်က အဝေးထိန်းဗုံးဖြင့် ဖောက်ခွဲသတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။

ဖာရှိကို အစ္စရေးထောက်လှမ်းရေးအဖွဲ့ မော့ဆက်အတွက် သူလျှိုလုပ်ပေးခဲ့သည်ဟုလည်း စွပ်စွဲထားသည်။ အဆိုပါ လုပ်ကြံမှုအတွက် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ရရှိခဲ့သည်ဟု ဆိုသည်။

ယင်းသို့ အီရန်၏ စွပ်စွဲချက်များကို အစ္စရေးအစိုးရက မည်သို့မျှ ပြန်လည်တုံ့ပြန်ပြောဆိုခြင်း မပြုပေ။

ဖာရှိသည် ဇန်နဝါရီလအတွင်းက အီရန်ရုပ်မြင်သံကြားမှ ပါမောက္ခကို သတ်ဖြတ်ခဲ့ကြောင်း ဝန်ခံ၍ ၎င်း၏လှုပ်ရှားလုပ်ကိုင်မှု အသေးစိတ်ကို ထွက်ဆိုသွားခဲ့သည်။

အီရန်နိုင်ငံအတွင်းမှ အတိုက်အခံအင်အားစုများကမူ မိုဟာမက်ဒီသည် ၎င်းတို့ကို ထောက်ခံသူဖြစ်၍ အစိုးရက လုပ်ကြံခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**

# စစ်ပြင်သည့်အနေအထားဖြင့် ပါကစ္စတန်နယ်စပ်၌ ဖြန့်ကြက်ထားသောတပ်ဖွဲ့ဝင်များအား အိန္ဒိယပြန်လည်ရုပ်သိမ်းဖွယ်ရှိ

ဒေလီ မေ ၁၅

**၂၀၀၈ ခုနှစ် မွမ်ဘိုင်းမြို့တော် အကြမ်းဖက်တိုက်ခိုက်မှုအပြီး ပါကစ္စတန်နိုင်ငံနှင့် နယ်မြေချင်းထိစပ်နေသော နယ်စပ်ဒေသတစ်လျှောက် စစ်ပွဲအတွက် အသင့်အနေအထားဖြန့်ကြက်ထားသည့် တပ်ဖွဲ့ဝင်များကို အိန္ဒိယနိုင်ငံက ပြန်လည်ရုပ်သိမ်းဖွယ်ရှိကြောင်း မေ ၁၄ ရက် သတင်းများတွင် ဖော်ပြသည်။**

နယ်စပ်တစ်လျှောက်မှ အိန္ဒိယတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးသဘောတူညီချက်ကို ပါကစ္စတန်နိုင်ငံသမ္မတ အဆစ်ဖ်အလီဇာဒါရီ၏ ဧပြီ ၈ ရက် အိန္ဒိယခရီးစဉ်အတွင်း ရရှိခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံထုတ် အိတ်စပရက်ထရီဗြွန်း သတင်းစာက ဖော်ပြထားသည်။



၂၀၀၈ ခုနှစ် မွမ်ဘိုင်းအကြမ်းဖက် တိုက်ခိုက်မှု အပြီးကာလ အိန္ဒိယနှင့် ပါကစ္စတန် နယ်စပ်ဒေသတွင် ဖြန့်ကြက်ထားသော အိန္ဒိယ တပ်ဖွဲ့ဝင်များ။

လူပေါင်း ၁၆၆ ဦးသေဆုံးခဲ့ရသော မွမ်ဘိုင်းအကြမ်းဖက်မှု ဖြစ်ပေါ်ခဲ့ပြီးနှစ်နှစ်အကြာ၌ အိန္ဒိယနှင့် ပါကစ္စတန်အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ခဲ့ရာ ကနဦးသဘောတူညီမှုရရှိခဲ့သည့် အဆိုပြုချက်များထဲတွင် နယ်စပ်မှတပ်ဖွဲ့များ ရုပ်သိမ်းရေးလည်း အပါအဝင်ဖြစ်သည်။

နယ်စပ်တပ်ဖွဲ့များရုပ်သိမ်းရေးဆိုင်ရာ တရားဝင်ကြေညာချက်ကို ယခုနှစ်ဒုတိယနှစ်ဝက်နောက်ပိုင်း ဖြစ်လာနိုင်ဖွယ်ရှိသည့် အိန္ဒိယဝန်ကြီးချုပ်၏ ပါကစ္စတန်ခရီးစဉ်အတွင်း ထုတ်ပြန်နိုင်ကြောင်း သိရသည်။

မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုအပြီးတွင် ပါကစ္စတန်နှင့် ပိုင်ဆိုင်ခွင့် အငြင်းပွားနေသော နယ်စပ်ဒေသအထူးသဖြင့် ကတ်ရှ်မီးယားဒေသသို့ အိန္ဒိယအစိုးရက စစ်ပြင်သည့်အနေအထားဖြင့် တပ်ဖွဲ့ဝင်များ စေလွှတ်ထားခဲ့သည်။

မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှုကို ပါကစ္စတန်အခြေစိုက် လက်ရှ်ကာအီးတိုင်ဘာ စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံက စွပ်စွဲထားသည်။

ကျွမ်းကျင်သူတို့၏ အဆိုအရ စစ်ပွဲကာလအတွက်ပြင်ဆင်ရာတွင် နယ်စပ်ဒေသများ ကာကွယ်ရေးတာဝန်အတွက် အထူးတပ်ဖွဲ့များနေရာတွင် ပုံမှန်တပ်မတော်ဖြင့် လဲလှယ်အစားထိုးရသည်။ ***အင်တာနက်။***



*တိုင်ရန်နိုဆောရပ်စ် ကမ္ဘာဦးသတ္တဝါ၏ ရုပ်ကြွင်း။*

# ကမ္ဘာဦးသတ္တဝါတစ်ကောင်၏ အင်္ဂါစုံရုပ်ကြွင်း လေလံတင်ရောင်းချမည်

နယူးယောက် မေ ၁၅

အင်္ဂါအစိတ်အပိုင်းအပြည့်အစုံနီးပါးရှိသော တိုင်ရန်နိုဆောရပ်စ်ဘာတား(Tyrannosaurus bataar)ခေါ် ကမ္ဘာဦးသတ္တဝါတစ်ကောင်၏ရုပ်ကြွင်းကို မေ ၂၀ ရက်တွင် လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေလံတင်ရောင်းချမည့် တိုင်ရန်နိုဆောရပ်စ်သတ္တဝါ၏ ရုပ်ကြွင်းအမြင့်သည် ရှစ်ပေရှိ၍ ကိုယ်ထည်အလျားမှာ ၂၄ ပေ ရှိကြောင်း သိရသည်။

အဆိုပါ တိုင်ရန်နိုဆောရပ်စ်ဘာတားသတ္တဝါ၏ ရုပ်ကြွင်းကို လွန်ခဲ့သောရှစ်နှစ်ခန့်က တရုတ်နိုင်ငံ ဂိုဘီသဲကန္တာရဒေသ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၅၀၀၀၀ ရှိမည်ဟု ခန့်မှန်းရကြောင်း လေလံပွဲတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တိုင်ရန်နိုဆောရပ်စ်ဘာတားသတ္တဝါ၏ ဦးခေါင်းခွံသည် ၈၀ ရာခိုင်နှုန်း အကောင်းပကတိ ကျန်ရှိပြီး ကိုယ်ခန္ဓာအစိတ်အပိုင်းများမှာ ၇၅ ရာခိုင်နှုန်းခန့် ကျန်ရှိနေသေးရာ ဈေးကွက်အတွင်း မတွေ့ရသလောက် ရှားပါးသည့် ရုပ်ကြွင်းမျိုးဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပမည့် တိုင်ရန်နိုဆောရပ်စ်တာဘားသတ္တဝါ၏ ရုပ်ကြွင်းလေလံပွဲတွင် အခြားသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်း အစိတ်အပိုင်းများကိုလည်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၉၇ ခုနှစ်ကလည်း "ဆူး"အမည်ရှိ တိုင်ရန်နိုဆောရပ်စ်ရက်စ်(Tyrannosaurus rex)ခေါ် ကမ္ဘာဦးသတ္တဝါတစ်ကောင်၏ရုပ်ကြွင်းကို လေလံတင်ရောင်းချခဲ့ဖူးရာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ သန်း ရရှိခဲ့ဖူးသည်။ ***အင်တာနက်။***

# ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)ကို အီးယူပုံစံ သမဂ္ဂအဖြစ်ဖွဲ့စည်းရေး ဆွေးနွေးမည်



ရီယက်ဒ် မေ ၁၅

အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံပါဝင်သည့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)ကို ဥရောပသမဂ္ဂကဲ့သို့ သမဂ္ဂတစ်ခု အသွင်ပြောင်းလဲဖွဲ့စည်းရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများသည် ဆော်ဒီအာရေဗျနိုင်ငံ ရီယက်ဒ်မြို့၌ မေ ၁၄ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂျီစီစီကို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အဖြစ်မှ အအုပ်အစည်းမပျက်သည့် သမဂ္ဂအဖြစ်ပြောင်းလဲဖွဲ့စည်းရေး အယူအဆအား ဆော်ဒီအာရေဗျနိုင်ငံက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် စတင်တင်ပြခဲ့သည်။

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ဘာရိန်း၊ ကူဝိတ်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နှင့် အိုမန်နိုင်ငံတို့ပါဝင်သည်။

ကြုံတွေ့နေရသော ခြိမ်းခြောက်မှုအားလုံးသည် ဂျီစီစီအား ပူးပေါင်းဆောင်ရွက်မှု အခြေပြုအဖွဲ့အစည်းအဖြစ်မှ သမဂ္ဂအဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်းရေးအတွက် အခြေအနေများဖန်တီးပေးနေကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက ဧပြီလအတွင်း ပြောကြားခဲ့သည်။



***ဆော်ဒီအာရေဗျ နိုင်ငံ ရီယက်ဒ် မြို့တော်၌ ပင်လယ်ကွေ့ ပူးပေါင်း ဆောင်ရွက်ရေး ကောင်စီ (ဂျီစီစီ)မှ နိုင်ငံအကြီးအကဲ များအား တွေ့ရစဉ်။***

ဂျီစီစီအား သမဂ္ဂအဖြစ် ပြင်ဆင်ဖွဲ့စည်းရေးအစီအမံသည် ရှီးယိုက်မွတ်စလင်အများစုဖြစ်သော အီရန်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုမြင့်တက်လာခြင်းအား တုံ့ပြန်နိုင်ရေးကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း လေ့လာသူအချို့က သုံးသပ်သည်။

အီရန်နိုင်ငံသည် ရှီးယိုက်ဘာသာရေးအသင်းတစ်ရပ်ဖွဲ့စည်းခဲ့ပြီး ဆွန်နီမွတ်စလင်အများစုဖြစ်သော အီရတ်နိုင်ငံနှင့် စစ်ပွဲဆင်နွှဲခဲ့ချိန် ၁၉၈၁ ခုနှစ်တွင် ဂျီစီစီအား စတင်ဖွဲ့စည်းခဲ့သည်။

ရီယက်ဒ်မြို့တော်၌ ကျင်းပမည့် ဂျီစီစီအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများ၏ ဆွေးနွေးပွဲတွင် ဂျီစီစီအား သမဂ္ဂအဖြစ်ဖွဲ့စည်းရေးအတွက် သင့်လျော်မည့် အချိန်ကာလသတ်မှတ်ရွေးချယ်သွားမည်ဖြစ်သည်။

***အင်တာနက်။***

# လျှပ်စစ်သံလိုက်လှိုင်း လက်နက်အန္တရာယ် ဗြိတိန်ကာကွယ်နိုင်ရန်လိုအပ်

လန်ဒန် မေ ၁၅

ကမ္ဘာ့လေထုအထက်လွှာအတွင်း ဖောက်ခွဲပါက အီလက်ထရွန်နစ် ဆက်သွယ်ရေးစနစ်များနှင့် ဓာတ်အားပေးစနစ်များအား ဖျက်ဆီးနိုင်စွမ်းရှိသည့် လျှပ်စစ်သံလိုက်လှိုင်းဗုံးလက်နက်(Electromagnet Bomb)များ အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် ဗြိတိန်နိုင်ငံအနေဖြင့် ငွေကြေးသုံးစွဲရန်လိုအပ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဖိလစ်ဟမ်းမွန့်က မေ ၁၄ ရက်တွင် သတိပေးခဲ့သည်။

လျှပ်စစ်သံလိုက်လှိုင်းလက်နက်များအန္တရာယ်ကာကွယ်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာအပေါ် အားပြုရန် လိုအပ်ပုံကို လန်ဒန်မြို့တွင်ကျင်းပသည့် ညီလာခံတစ်ရပ်၌ ဗြိတိန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာက ဖော်ပြသည်။

အဖျက်စွမ်းအားကြီးမားသော လျှပ်စစ်သံလိုက်လှိုင်းလက်နက်များကို ရန်လိုသည့်နိုင်ငံတစ်နိုင်ငံက အသုံးပြုလာမည့်အလားအလာသည် ယနေ့ခေတ်ကာလ၌ ပိုမိုများပြားလာကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်ခဲ့ကြသည်။

လေ့လာမှုများအရ နျူကလီးယားဒုံးကျည်တစ်စင်းကို အာကာသအတွင်းသို့ ပစ်လွှတ်ဖောက်ခွဲခဲ့ပါကလည်း ဗြိတိန်နိုင်ငံ၏ အခြေခံယန္တရားများလည်ပတ်မှု ရပ်ဆိုင်းသွားနိုင်လောက်အောင် အင်အားပြင်းထန်သော လျှပ်စစ်သံလိုက် လှိုင်းများ ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

အကြမ်းဖက်အုပ်စုများနှင့် ရန်လိုတတ်သောနိုင်ငံများ လက်ဝယ်၌ လျှပ်စစ်သံလိုက်လှိုင်းလက်နက်ပုံစံ တစ်မျိုးမဟုတ်တစ်မျိုးရောက်ရှိနေနိုင်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ယခုလအစောပိုင်းတွင် သတိပေးထားသည်။ ***အင်တာနက်။***

# တောင်ကိုရီးယား ဂျီပီအက်စ်စနစ်များကို နှောင့်ယှက်မှု မြောက်ကိုရီးယားရပ်ဆိုင်း

ဆိုးလ် မေ ၁၅

တောင်ကိုရီးယားနိုင်ငံမှ အရပ်ဘက်လေယာဉ်များနှင့် သင်္ဘောရာပေါင်းများစွာတို့၏ ကမ္ဘာ့တည်နေရာပြစနစ် (ဂျီပီအက်စ်)များအား ကမောက်ကမဖြစ်ပွားစေခဲ့သော အချက်ပြလှိုင်းများ ထုတ်လွှင့်မှုကို မြောက်ကိုရီးယားနိုင်ငံက ရပ်တန့်လိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ဂျီပီအက်စ်စနစ်များ ကမောက်ကမဖြစ်စေရန် ရည်ရွယ်၍ အချက်ပြလှိုင်းများ ထုတ်လွှင့်နေမှုကို မြောက်ကိုရီးယားနိုင်ငံက မေ ၁၃ ရက်တွင် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားဆက်သွယ်ရေးစနစ်များဆိုင်ရာကော်မရှင်က သတင်းထုတ်ပြန်ခဲ့သည်။

တောင်ကိုရီးယားအရပ်ဘက်လေယာဉ်များသည် မေ ၁၃ ရက် ညပိုင်းမှစ၍ ဂျီပီအက်စ်စနစ်များ ကမောက်ကမဖြစ်ပေါ်မှုများကို ကြုံတွေ့ရခြင်းမရှိတော့ကြောင်း တောင်ကိုရီးယားပို့ဆောင်ရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

ဂျီပီအက်စ်စနစ်များအားနှောင့်ယှက်သည့် အချက်ပြလှိုင်းများသည် ကေဆွန်အမည်ရှိ မြောက်ကိုရီးယားနယ်စပ်မြို့တစ်မြို့မှ ဧပြီ ၂၈ ရက်တွင် စတင်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းအချက်ပြလှိုင်းများကြောင့် တောင်ကိုရီးယား အရပ်ဘက်လေယာဉ်များနှင့် သင်္ဘောများသည် ဖြစ်လာနိုင်ဖွယ် ဘေးအန္တရာယ်များအား ရှောင်ရှားရန် ဂျီပီအက်စ်စနစ်အစား အခြားလမ်းညွှန်ကိရိယာများကို အသုံးပြုခဲ့ကြရသည်။ တောင်ကိုရီးယား အရပ်ဘက်လေယာဉ်များနှင့် သင်္ဘောများ၏ ဂျီပီအက်စ်စနစ်များ နှောင့်ယှက်ခံရမှုသည် နှစ်နိုင်ငံအကြား နယ်စပ်တင်းမာမှုမြင့်တက်နေချိန်အတွင်း အချိန်ကိုက်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ***အင်တာနက်။***



# နေမျက်နှာပြင်ရှေ့မှ သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ် လေ့လာရေးသိပ္ပံပညာရှင်များပြင်ဆင်

ဝါရှင်တန် မေ ၁၅

သောကြာဂြိုဟ်(ဗီးနပ်စ်)သည် နေမျက်နှာပြင် ရှေ့တူရူမှ ဇွန် ၆ ရက်တွင် ဖြတ်သန်းမည်ဖြစ်ရာ အဆိုပါ သမိုင်းဝင်နက္ခတ္တဖြစ်စဉ်အား ကမ္ဘာမြေပြင်မှနေ၍ ကိုယ်တိုင်ကိုယ်ကျလေ့လာနိုင်ရန်အတွက် သိပ္ပံပညာရှင်များက ပြင်ဆင်နေကြောင်း မေ ၁၄ ရက်သတင်းများတွင် ဖော်ပြသည်။

အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ နေလှုပ်ရှားမှု စူးစမ်းလေ့လာရေးဂြိုဟ်တုကလည်း နေမျက်နှာပြင်ရှေ့မှ သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်အား စောင့်ကြည့်မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း သိရသည်။

သောကြာဂြိုဟ်နေမျက်နှာပြင်ရှေ့မှ ဖြတ်သန်းမှုဖြစ်စဉ်သည် ၂၀၀၄ ခုနှစ်တွင် နောက်ဆုံးဖြစ်ပေါ်ခဲ့သည်။ သို့ရာတွင် ယင်းဖြစ်စဉ်သည် ၂၁၁၇ ခုနှစ်ထိတိုင် ထပ်မံပေါ်ပေါက်တော့မည်မဟုတ်ရာ ဇွန် ၆ ရက် သောကြာဂြိုဟ် ဖြတ်သန်းမှုသည် ယနေ့ခေတ်သိပ္ပံပညာရှင်များအတွက် လက်လွှတ်မခံနိုင်သော အာကာသဖြစ်စဉ်တစ်ရပ်ဖြစ်သည်။

ဇွန် ၆ ရက် သောကြာဂြိုဟ် နေမျက်နှာပြင်ရှေ့မှ ဖြတ်သန်းမှုဖြစ်စဉ်တစ်ရပ်လုံးကို အမေရိကန်ပြည်ထောင်စုအနေဖြင့် အလာစကာပြည်နယ်နှင့် ဟာဝိုင်ယီပြည်နယ်များမှသာ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယင်းဖြစ်စဉ်အတွင်း သောကြာဂြိုဟ်ကို နေမျက်နှာပြင်ပေါ်၌ အစက်အပြောက်တစ်ခုသဖွယ် တွေ့မြင်ရမည်ဖြစ်သည်။ ၁၈ ရာစုအတွင်း ၁၇၆၁ ခုနှစ်နှင့် ၁၇၆၉ ခုနှစ်များ၌ နေမျက်နှာပြင်ရှေ့မှ သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ဖူးသည်။ ***အင်တာနက်။***

# ဒုတိယဝန်ကြီး ဦးအေးကြူအား ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၁၅

**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံးမှ အသစ်ခန့်အပ်ခြင်းခံရသည့် ညွှန်ကြားရေးမှူး Mr. Daniel Toole နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ဒုတိယဝန်ကြီး၏ရုံးခန်း၌ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးအေးကြူက အင်္ဂလိပ်စာအရည်အသွေး မြင့်မားရေးအတွက် အခြေခံပညာအဆင့်မှ စတင်ပြီး သင်ကြားလေ့ကျင့်ပေးနေမှု၊ မသင်မနေရမူလတန်းပညာရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပညာတော်သင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ကလေးများအတွက် ဘက်စုံဖွံ့ဖြိုးရေး၊ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ ရှေ့ဦးကလေးသူငယ်ဖွံ့ဖြိုးရေး၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းပြင်ပမူလတန်းပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ယူနီဆက်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ကုန်သည်/စက်မှုအသင်းချုပ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် Hanns Seidel Foundation (Germany)တို့ ပူးပေါင်းစီစဉ်မှုဖြင့် Corporate Social Responsibility (CSR) အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။** (သတင်းစဉ်)

**ရန်ကုန် မေ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် Hanns Seidel Foundation (Germany)တို့ ပူးပေါင်းစီစဉ်မှုဖြင့် Corporate Social Responsibility (CSR) အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Hanns Seidel Foundation (Germany) မှ Mr. Axel Neubert နှင့် ကုန်သည်/စက်မှု အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က အမှာစကားပြောကြားကြသည်။

**တက်ရောက်**

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (Senior Advisor, UN Resident Coordinator's Office)၊ ပါမောက္ခ Richard Seymour (University of Sydney)၊ Mr. Martin Pan၊ Mr. Christian Albrecht, Myanmar Human Resources (MHR)မှ ဦးအေးကျော်နှင့် Mr. Andreas Dernbach (University of Berlin/ gfa) တို့က စာတမ်းများကို ဖတ်ကြားကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများနှင့် NGO များမှ ဧည့်သည် ၁၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၆-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

| | | | |
|---|---|---|---|
| ၅း၄၀ | "အမိုကောင်း"တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ပညိသရာဘိဝံသ) | ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၃၈)** |
| ၁၀း၀၅ | ကမ္ဘာ့အော်တစ်ဇင်နေ့ အထိမ်းအမှတ်အခမ်းအနား | ၁၁း၀၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (အပိုင်း-၁၀)** |
| ၂း၂၀ | ဘဝရဲ့ချောက်ကမ်းပါးစွန်း (အဆုတ်ကင်ဆာနှင့် နှာခေါင်း၊ အာခေါင်လမ်းကြောင်းကင်ဆာ) | ၁၂း၃၅ | တစ်ပါးသီလ (၂) ဒါရိုက်တာ-တင်မောင်အေး |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၂၄)** | ၁း၂၅ | အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့အတွက်မေမေ) (အပိုင်း-၂) |
| ၈း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း | ၄း၄၅ | ထူးထူးခြားခြား ပဲခူးမြို့မှ မွေ့ဘုရား |
| ၈း၅၀ | ကိုရီးယားရိုးရာ (Culture) | | |

# အုတ်တံတိုင်းတည်ဆောက်ရန် အလှူငွေပေးအပ်

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားလျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ အရှေ့ဘက်ပရိဝုဏ်ခြံစည်းရိုးကို သံပန်း၊ အုတ်တံတိုင်းများဖြင့် တည်ဆောက်လျက်ရှိရာ ဧပြီ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ကော်မတီဝင်များနှင့် ဝန်ထမ်းမိသားစုများက အုတ်တံတိုင်း အခန်း ၂၀ အတွက် အလှူငွေကျပ် သိန်း ၉၀ ကို ကော်မတီအတွင်းရေးမှူး ဦးကံမြင့်က လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေကျော်နှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အုတ်တံတိုင်းများကို တစ်ခန်းလျှင် ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် မည်သူမဆို လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

## ယနေ့ ဖတ်စရာ မှတ်စရာ

# စာများများ ဖတ်ကြစို့

စာပေနှင့်ပတ်သက်၍ အလိမ္မာစာမှာရှိသည်၊ စာအုပ်စာပေလူ့မိတ်ဆွေ၊ စာပေသည်ဘဝ၏ မီးရှူးတန်ဆောင်၊ စာအုပ်သည် ဘဝ၏ အကောင်းဆုံးအဖော်မွန် စသည်ဖြင့် ပါရှိပါသည်။ ထိုဆောင်ပုဒ်များသည် စာဖတ်ကြဖို့ တွန်းအားပေးထားသော နှိုးဆော်ချက်များပင်ဖြစ်သည်။

"သားမယားပင်၊သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာရမည်သာ" ဟူသည့် ဆုံးမစာလေးကိုကြည့်လျှင် လိမ္မာရေးခြားမရှိသည့် သားမယားသည်ပင်လျှင် စာပေစကားနေ့စဉ်ကြားရဖန်များလျှင် ထူးထူးခြားခြား လိမ္မာလာရသည်ဟု ဆိုပြန်သည်။

"စာကြည့်တိုက်တွေရှိနေရင် ထောင်တွေရှိစရာတောင်မလိုဘူး" ဟူသည့် နီတိတစ်ခုမှာလည်း မှတ်သားစရာကောင်းလှပါ၏။

နောင်တစ်ချိန် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့်မျက်မှောက်ခေတ် လူငယ်လေးများ စာဖတ်အားနည်းနေသည်မှာ လိုအပ်ချက်တစ်ခုသဖွယ် ဖြစ်နေပါသည်။ ဦးနှောက်အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာဖို့နှင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားလာဖို့အတွက် စာများများဖတ်ကြမှ ဖြစ်ပါမည်။ အသိပညာ ဗဟုသုတဆိုသည်မှာ စာဖတ်မှ ရပါသည်။

လက်ရှိအနေအထားကိုကြည့်လျှင် ကမ္ဘာ့အရေးအခင်းနှင့် လက်ရှိပြုပြင်ပြောင်းလဲနေသည့် ပြည်တွင်းရေးရာအကြောင်းများက မော်ရင်ဟိုနှင့် ဖာဂူဆန်တို့ အကြောင်းလောက် သူတို့အတွက် အရေးမကြီးပါ။ ဆက်ဒမ်ဟူစိန်နဲ့ကဒါဖီတို့ အကြောင်းအရာတွေက ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ကျားကုတ်ကျားခဲ ခြေကုန်ထုတ်ကန်နေကြသည့် ဘောလုံးအသင်းများလောက် သူတို့စိတ်မဝင်စားပါ။

လိုင်းကားများပေါ်မှာ၊ လက်ဖက်ရည်ဆိုင်များမှာ လူချင်းဆုံမိကြလျှင် အများဆုံးပြောနေကြသည်မှာ စနေ၊ တနင်္ဂနွေညများ၌ ကန်ကြသည့် ဥရောပဘောလုံးအသင်းများအကြောင်းပင် ဖြစ်ပါ၏။

အပတ်စဉ်ထုတ် စာစောင်ပေါင်းမြောက်မြားစွာထဲတွင် အားကစား(ဘောလုံး) စာစောင်များက အများဆုံးနေရာယူထားကြသည်ကိုကြည့်လျှင် ယနေ့လူငယ်၊ လူလတ်၊ လူကြီးများမည်သည့်စာပေ အဖတ်များသည်ကို အကဲခတ်၍ ရနိုင်ပါသည်။

ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ တက်လှမ်းနေသည့်အချိန်တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေကြပါ၏။ စာပေလွတ်လပ်ခွင့်များရလာသည့်အချိန်တွင် အကြောင်းအရာမျိုးစုံကို ရှုထောင့်ပေါင်းစုံမှနေ၍ လွတ်လပ်စွာ ရေးသားတင်ပြနေကြသော သတင်းဆောင်းပါးအကြောင်းအရာများ ဝေဝေဆာဆာဖော်ပြပေးနေသော်လည်း စာစုံမဖတ်ကြ၍ မသိရှိကြပါ။

ပုဂ္ဂိုလ်ရေးရာ ထိခိုက်ငြိစွန်းမှုမရှိသည့် အမှန်တရားဘက်က ရပ်တည်ပြီး သမာသမတ်ကျကျ ရေးသားထားသော အကြောင်းအရာများ စာနယ်ဇင်းများတွင်ပါလာသော်လည်း မဖတ်မိကြသည့်အခါ စာစောင်သာ ရက်လွန်၍ ပိဿာချိန်ထဲသို့သာ ပါသွားတတ်သည်။

အမှန်တွင် မိမိတို့သားသမီးများ ကိုယ်တိုင်ပင် စာဖတ်ပျင်းကြ၏။ စာမဖတ်သဖြင့် သူသင်နေသည့် ဘာသာရပ်များအနက် အမှတ်အနည်းဆုံးဘာသာမှာ မြန်မာစာ ဖြစ်လာသည်။

ကျောင်းတွင် စာစီစာကုံးရေးရမည်၊ ပြိုင်ရမည်ဆိုပါက မိဘ၊ ဆရာများကို နားပူနားဆာလုပ်လာကြသည်။ ထိုအခါ စာစီစာကုံးရေးနည်းစာအုပ်များ ဝယ်ပေးပြီး လေ့လာဖတ်ရှု လက်တွေ့ရေးသားမှုပြုရန်နှင့် စာများများဖတ်ကာ မြန်မာစာကို တော်အောင်ကြိုးစားဖို့ စည်းရုံးသိမ်းသွင်းရသည်။

မိဘများ အလုပ်ကပြန်လာတိုင်း နေ့စဉ် အပတ်စဉ်ထုတ် စာစောင်က တစ်စောင်မဟုတ် တစ်စောင်ပါလာလေ့ရှိသည်။ ထိုအခါ ဆီးကြိုရယူပြီး တစ်ရွက်ချင်း လှန်လှော်ကြည့်တတ်၏။ မည်သည့်အရာကိုကြည့်သည်ကိုလေ့လာလျှင် ကာတွန်းပါ၊ မပါနှင့် မင်းသား မင်းသမီးဖက်ရှင်အလှပုံများကိုသာ ရှာကြည့်ကြသည်။ ကောင်းနိုးရာရာဆောင်းပါးလေးများကိုမူ လုံးဝဖတ်ခြင်းမရှိချေ။ သို့ဖြင့် လူငယ်များ မြန်မာစာ ညံ့ခြင်းသည် အဆန်းမဟုတ်ပါ။

ဝံသာနုရက္ခိတဟူသည့် မျိုးချစ်စိတ်ရှိသူတိုင်း မိမိလူမျိုး၏ ဘာသာ၊ မိမိလူမျိုး၏ စာကို တန်ဖိုးထားလေးစားကြရမည်မှာ လူတိုင်းတာဝန်ဖြစ်ပါသည်။ အင်္ဂလိပ်စာ တတ်ကျွမ်းမှ လူရာဝင်သည်ဟု ယေဘုယျယူဆနေကြသည်မှာ မှန်ပါ၏။ သို့သော် မိခင်ဘာသာမှာလည်း အရေးကြီးပါ၏။

ဂန္ထဝင်စာပေကြီးများကို အခြေအနေမပေး၍ မဖတ်ဖြစ်လျှင်ရှိစေ၊ အပတ်စဉ် လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်စာစောင်နှင့် သတင်းစာများကိုမူ လက်လှမ်းမီသရွေ့ ဖတ်ရှုလေ့လာသင့်သည်။

အိမ်တစ်အိမ်၏ လူနေမှုအဆင့်အတန်းကို စာအုပ်စင်ကြည့်ပြီး အကဲခတ်၍ ရနိုင်သည်ဟု မှတ်သားရဖူးပါသည်။ စာများများဖတ်နိုင်လျှင် အတွေ့အကြုံ ဗဟုသုတများများရမည်။ အတွေ့အကြုံဗဟုသုတများလျှင် ပင်ကိုအရည်အသွေး တောက်ပြောင်လာမည်ဖြစ်၍ စာများများဖတ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**မျိုးဝင်းအောင်(မြင်းမူ)**

## နိုင်ငံတကာ ဖက်ရှင်ရေးရာ

# လှချင်ပချင်လာသည့် ယောကျ်ားဆိုသော ယောကျ်ားများ

ယနေ့ကမ္ဘာတစ်ဝန်းတွင် အမျိုးသားများသည်လည်း အမျိုးသမီးများနည်းတူ လှချင်ပချင်လာကြပြီး အလှအပပြုပြင်ရန် အချိန်ပိုမိုပေးလာခြင်းနှင့် အမျိုးသားအသုံးအဆောင်အလှကုန်ပစ္စည်းများ ပိုမိုအရောင်း တွင်ကျယ်လာလျက်ရှိကြောင်း လေ့လာမှုစစ်တမ်းများက ဖော်ပြနေသည်။**(ယာပုံ)**

လွန်ခဲ့သည့် ၁၂ လတာကာလအတွင်း ဗြိတိန်နိုင်ငံတွင် အမျိုးသားများ၏ ဆံပင်ညှပ်ခြင်း၊ ဆံပင်ပုံသွင်းခြင်း၊ ပုံစံပြောင်းခြင်း၊ ခေတ်စားလျက်ရှိသည့် ဆံပင်ဆိုးဆေးအရောင်များ ခြယ်သခြင်းတို့သည် ၆၆ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်ဟု ဆိုသည်။

ယခုနှစ်အစောပိုင်းက တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် လော်ရယ်လ်အလှကုန်ပစ္စည်းပြပွဲတွင် အမျိုးသားအသုံးအဆောင် အလှကုန်ပစ္စည်းများမှာ ဈေးကွက်တွင် အရောင်းရဆုံး ကုန်အမှတ်တံဆိပ်ဖြစ်ခဲ့ရသည်။

အလားတူ အိန္ဒိယနိုင်ငံ၏ အမျိုးသားအသုံးအဆောင် အလှကုန်ပစ္စည်းဈေးကွက်သည်လည်း လာမည့် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀၀ အထိ ရှိလာနိုင်ကြောင်း လေ့လာသူများက ဟောကိန်းထုတ်ခဲ့ကြသည်။

ယနေ့အချိန်အခါတွင် အလှအပပြုပြင်ရန်အတွက် အချိန်၊ ငွေကြေးသုံးစွဲမှုအပိုင်းနှင့် ပတ်သက်လျှင် အမျိုးသားများသည်လည်း အမျိုးသမီးများ၏ ရာခိုင်နှုန်း နီးပါးခန့်ရှိလာကြောင်း၊ ကြီးမားကျယ်ပြန့်လာနေသည့် အမျိုးသားအသုံးအဆောင် အလှကုန်ပစ္စည်း ဈေးကွက်ကြီးကိုလည်း တွေ့နေရပြီဖြစ်ကြောင်း ဗြိတိန်နှင့် အိုင်ယာလန် အလှအပဝန်ဆောင်မှုကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ရစ်ချက်ဟူးလ်က ပြောကြားသည်။

လေ့လာမှုစစ်တမ်းများအရ အမျိုးသားများသည် ဆံပင်ကို ပြုပြင်ပြောင်းလဲလိုသည့် ရာခိုင်နှုန်းက အများဆုံးဖြစ်နေပြီး ၃၀ ရာခိုင်နှုန်းက ဆံပင်ပုံစံကို ပြောင်းလဲလိုခြင်း၊ ၁၇ ရာခိုင်နှုန်းက အရောင်များ ခြယ်သလိုခြင်းနှင့် ၁၈ ရာခိုင်နှုန်းမှာ ခြေသည်း၊ လက်သည်းများကို လှပစေရန် ပြုပြင်ခြယ်သလိုကြသည်ဟု ဖော်ပြထားသည်။

***အင်တာနက်။***

**အောဝမ်းစိုး**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူး တွေ့ဆုံ

**နေပြည်တော်　မေ　၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဗန်ကောက်မြို့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူး Mr. Daniel Toole သည် UNICEF ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha နှင့်အတူ ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် UNICEF အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအခြေအနေ၊ ကျန်းမာရေးစီမံချက်လုပ်ငန်းများ ဆောင်ရွက်မှုဆန်းစစ်သုံးသပ်ခြင်းနှင့် ကျန်းမာရေးသတင်း အချက်အလက်ရယူရေးလုပ်ငန်းများ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ ငှက်ဖျားဆေးယဉ်ပါးမှုအတွက် ပူးပေါင်းဖြေရှင်းမည့်နည်းလမ်းများ၊ မိခင်နို့စနစ်တကျ တိုက်ကျွေးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ခြေတုလက်တု တပ်ဆင်ရေးအတွက် ပံ့ပိုးမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ အတွေ့အကြုံဖလှယ်ကြပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်

နေပြည်တော်　မေ　၁၅

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့နှင့် မကွေးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ချောင်းဆုံမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကျိုက်မရောမြို့တွင် သုည ဒသမ ၈၆ လက်မ၊ မော်ဘီမြို့တွင် သုည ဒသမ ၇၉ လက်မ၊ ထားဝယ်မြို့တွင် သုည ဒသမ ၇၅ လက်မ၊ တောင်ကြီးမြို့တွင် သုည ဒသမ ၇၀ လက်မနှင့် ကျောက်တော်မြို့တွင် သုည ဒသမ ၅၉ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

## ကြေးမုံပေးစာ

ရာဇာညွှန့်

# တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း၊ မိတ္တူများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးနေပါသည်

မြန်မာနိုင်ငံ စာစစ်အဖွဲ့သည် တက္ကသိုလ်ဝင်စာမေးပွဲ သို့မဟုတ် အခြေခံပညာ အထက်တန်းစာမေးပွဲ အောင်လက်မှတ်များ၊ အမှတ်စာရင်းများကို ထုတ်ပေးရ၏။ အောင်လက်မှတ်နှင့် အမှတ်စာရင်းကို လုံးဝအမှားမပါအောင် အဆင့်ဆင့် တိုက်ဆိုင်စစ်ဆေးရသည်။ တိုက်ဆိုင်စစ်ဆေးပြီးမှ ကာယကံရှင်ထံ ပြန်လည်ထုတ်ပေးရသည်။ မိမိလက်ထဲရောက်ရှိလာသော အောင်လက်မှတ် သို့မဟုတ် အမှတ်စာရင်းကို ကြည့်ရှုပြီး မှားသည်ဟု ယူဆပါလျှင် တာဝန်ရှိသူထံသွားရောက်ပြီး ချက်ချင်းအသိပေးပါက ချက်ချင်းဆောင်ရွက်ပေးသည်သာဖြစ်၏။

အမှတ်စာရင်းကို အကြိမ်ကြိမ်အခါခါ တောင်းခံထုတ်ယူနိုင်သော်လည်း အောင်လက်မှတ်မူရင်းကိုကား တစ်ကြိမ်တစ်ခါသာ ထုတ်ပေးမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်သည် အလွန်အရေးကြီးလှ၏။ တက္ကသိုလ်က ရိုးရိုးဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ အသီးသီးရရှိပြီးဖြစ်သော်လည်း အမှန်တကယ်ပင် အလုပ်ဝင်ရောက်သည့်အခါ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ကို တင်ပြရ၏။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်ပါ အချက်အလက်များသည်သာ အတည်ဖြစ်၏။

တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း တောင်းခံသည့်အခါ သတ်မှတ်ပုံစံတွင် ဖြည့်စွက်ပေးရသည်။ တောင်းခံလွှာပုံစံတွင် ဓာတ်ပုံတစ်ပုံကပ်ပြီး ဓာတ်ပုံတစ်ပုံကို ပူးတွဲပေးလိုက်ရ၏။ မည်သည့်စာရွက်စာတမ်း အထောက်အထားမျှ တင်ပြစရာမလိုပါ။ သို့သော် တောင်းခံလွှာပုံစံတွင် ဖြည့်စွက်ရမည့် အချက်အလက်များကို တိကျမှန်ကန်ရန် အရေးကြီးလှ၏။ မိမိဖြေဆိုခဲ့သော ခုံအမှတ်၊ ခုနှစ်နှင့် ဓာတ်ပုံတို့ မှန်ကန်ရန် လိုအပ်ပါသည်။ တစ်ခုခုမှားယွင်းဖြည့်သွင်းထားပါက အရေးယူဆောင်ရွက်ပေးနိုင်မည်မဟုတ်ပေ။

တောင်းခံလွှာပုံစံပါ အချက်အလက်များကို တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ဝင်ခွင့်လျှောက်လွှာနှင့် ဝင်ခွင့်ကတ်ပြားပေါ်ပါအချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးရသည်။ မှားယွင်းတင်ပြမှုကို လုံးဝလက်မခံပေ။ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တောင်းခံရာတွင် တောင်းခံလွှာပုံစံကို ကိုယ်တိုင်ဖြည့်သွင်းရမည်ဖြစ်ပြီး သူတစ်ပါး၏ အကူအညီဖြင့် ဖြည့်သွင်းစေခြင်းမျိုးက မှားယွင်းနိုင်ပေသည်။

မြန်မာနိုင်ငံ စာစစ်အဖွဲ့သို့ နေ့စဉ်အမျှ စာတိုက်ကတစ်ဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော် လည်းကောင်း ရောက်ရှိလာသည့် အောင်လက်မှတ်တောင်းခံလွှာများက နည်းနည်းနောနောမဟုတ်။ သို့သော် တောင်းခံလွှာတင်ပြီးသည်နှင့် တစ်လအတွင်း ထုတ်ယူရရှိနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံစာစစ်အဖွဲ့အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး စစ်တက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်အင်ဂျင်နီယာတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်များသို့ ဆက်လက်ပညာသင်ကြားမည့်သူများအတွက်ကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချိန်မီထုတ်ပေးခဲ့ပါသည်။ ဝန်ကြီးဌာနအလိုက်ခေါ်ယူသော လုပ်ငန်းခွင်ဝင်စာမေးပွဲများဖြေဆိုရန် လိုအပ်သူများအတွက် ဝန်ကြီးဌာန၏ အကြောင်းကြားစာကို ပူးတွဲတင်ပြပေးပါက တစ်လကြာအောင် မစောင့်ရဘဲ အချိန်မီအောင် ဆောင်ရွက်ပေးနေသည်သာဖြစ်၏။

အောင်လက်မှတ်မိတ္တူတောင်းခံရာ၌ အောင်လက်မှတ်မူရင်းတောင်းခံစဉ်ကကဲ့သို့ တောင်းခံလွှာပေါ်တွင် ဖြည့်စွက်ပေးရုံဖြင့် မပြီးတော့ပေ။ သီးခြားစာရွက်ဖြင့် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ လိုအပ်လာသည်။ ထိုစာရွက်စာတမ်းများသည်ကား (၁) မူရင်းအောင်လက်မှတ် မည်ကဲ့သို့ ပျောက်ဆုံးကြောင်း(ပျောက်ဆုံးသည့်နေ့စွဲနှင့်နေရာဖော်ပြပါရှိရမည်)၊ (၂) မူရင်းလက်မှတ်ပျောက်ဆုံးကြောင်း ရဲဌာနသို့တိုင်ကြားသည့် တိုင်ကြားစာမူရင်း၊ (၃) ပျောက်ဆုံးသော အောင်လက်မှတ်ကို အခြားသူတစ်ဦးဦးက အသုံးပြုနေပါက ၎င်းအတွက် တာဝန်ယူမည်ဖြစ်ကြောင်း ကတိဝန်ခံချက်၊ (၄) နှစ်ဆယ့်ငါးကျပ်တန် တံဆိပ်ခေါင်းစာချုပ်ဖြင့် အောင်လက်မှတ်မူရင်း အမှန်တကယ် ပျောက်ဆုံးကြောင်း ကျမ်းကျိန်ဆိုချက်တို့ဖြစ်သည်။ အဆိုပါစာရွက်စာတမ်းများကို အောင်လက်မှတ်မိတ္တူအတွက် လျှောက်လွှာပုံစံနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်၏။ အချက်အလက် ပြည့်စုံစွာဖြည့်စွက်ပြီးသား လျှောက်လွှာနှင့်အတူ သီးခြားပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများပြည့်စုံမှသာ အောင်လက်မှတ်မိတ္တူကိုလည်း တစ်ကြိမ်တစ်ခါသာ ထုတ်ပေးမည်ဖြစ်သဖြင့် ကာယကံရှင်ကိုယ်တိုင်သာ လာရောက်ထုတ်ယူရမည်ဖြစ်သည်။ ။

# လူငယ်ဖွံ့ဖြိုးတိုးတက်မှု မျိုးဆက်သစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မည်

**စစ်ကိုင်း　မေ　၁၅**

စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာ လူငယ်များနှင့် ဖွဲ့စည်းထားသည့် အစိမ်းရောင်ဘဝ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးမျိုးဆက်သစ်အဖွဲ့၏ တစ်နှစ်ပြည့်အခမ်းအနားကို ဧပြီ ၈ ရက်က ဒီပဲယင်းကွဲကျေးရွာ ဘုံစက်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးငွန်ခါးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးတင်စိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် ထင်းအစား အခြားလောင်စာသုံးစွဲရေးဆိုင်ရာများကို ပညာပေးဟောပြောကြပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးငွန်ခါးက အစိမ်းရောင်ဘဝလူငယ်များသို့ ကျွန်း၊ တမာ၊ တည်၊ ယူကလစ်၊ ဗောဓိညောင် ပျိုးပင် ၂၅ ပင်ကို လည်းကောင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးတင်စိုးက စွမ်းအားမြင့် အေဝမ်းမီးဖိုများကို ပေးအပ်ပြီး လက်ကမ်းကြော်ငြာများကို ဖြန့်ဝေပေးကြောင်း သိရသည်။ (၂၂၅)



**ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် ရွှေချီဆွမ်းလောင်းအသင်းက ကြီးမှူး၍ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာသင်တန်း အမှတ်စဉ်(၁)ကို နံတော်စဉ်ဆွမ်းလောင်းဓမ္မာရုံ၌ မေ ၈ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိရာ ရပ်ကွက်အတွင်းရှိ ကျောင်းသားလူငယ်များ တက်ရောက်သင်ကြားနေစဉ်။** (၅၈၆)

# အထည်ချုပ်စက်ရုံလုပ်သားအင်အားတိုးချဲ့ ပဲခူးတွင် အလုပ်အကိုင်အခွင့်အလမ်းတိုးပွား

**ပဲခူး　မေ　၁၅**

ကိုရီးယားနိုင်ငံမှ အထည်ချုပ်ကုမ္ပဏီကြီးတစ်ခုဖြစ်သော ကိုရီးယားရှင်ဆောင်းအထည်ချုပ်စက်ရုံကို ပဲခူးမြို့အထွက် ပဲခူး-ရန်ကုန် ခြောက်လမ်းသွားကားလမ်းမကြီးဘေးတွင် အထည်ချုပ်လုပ်ငန်းများကို အထည်ချုပ်လုပ်သား ၉၀၀ ခန့်ဖြင့် စတင်ခဲ့ရာ အောင်မြင်မှုရရှိနေပြီဖြစ်ကြောင်း ရှင်ဆောင်းအထည်ချုပ်စက်ရုံ အထွေထွေမန်နေဂျာ ဦးသိန်းဌေး၏ ပြောပြချက်အရ သိရသည်။

ပဲခူးဒေသမှာ စက်ချုပ်လုပ်သားများနှင့် အခြေခံအထွေထွေလုပ်သားများ လိုလျှင်လိုသလောက်ရရှိသည့် နယ်မြေဖြစ်သဖြင့် ရှင်ဆောင်းအထည်ချုပ်ကုမ္ပဏီမှ အထည်ချုပ်ရုံ နောက်ထပ်အသစ်တစ်ရုံကို ယခုအခါ တိုးချဲ့တည်ဆောက်လျက်ရှိသည်။

ရှင်ဆောင်းအထည်ချုပ်ကုမ္ပဏီစီမံရေးရာဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဌာနတို့နှင့် ပူးတွဲလျက်ရှိသည့် အထည်ချုပ်စက်ရုံအတွင်းတွင်လည်း ကိုရီးယားနိုင်ငံမှ ရောက်ရှိလာသော အထည်ချုပ်စက်ပစ္စည်းများကို ကျွမ်းကျင်ပညာရှင်များဖြင့် တပ်ဆင်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းမျှ ပြီးစီးနေပြီဖြစ်သည်။

ကိုရီးယားရှင်ဆောင်း အထည်ချုပ်စက်ရုံအနေဖြင့် ယခုနှစ်သင်္ကြန်အပြီး ဧပြီလစတုတ္ထပတ်မှ စတင်ပြီး စက်ချုပ်လုပ်သား ၁၀၀၀ ခန့်ကို တိုးချဲ့ထားနိုင်ရန်အတွက် ယခင် ယန်စီကျန်းအထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ခဲ့ဖူးသော လုပ်သားဟောင်းများကို ပထမအဆင့်အနေဖြင့် ပြန်လည်ခေါ်ယူလျက်ရှိသည်။ **နီလာဝင်း(ရွှေသွေးကြီး)**

## သတိပြုဆင်ခြင်စရာမှုခင်းအဖြာဖြာ

# ချေအသေကောင်ခိုးယူခံရ

**ကျောက်မဲ　မေ　၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် ပင်လုံလမ်းမကြီးနံဘေးတွင်ရှိသော ကမ္ဘောဇရှမ်းကျောင်းကြီးဝင်းအတွင်းသို့ မေ ၁၄ ရက် နံနက် ၅ နာရီ ခန့်က တောတွင်းမှ မျက်စိလည်လမ်းမှားလာသည့် ချေတစ်ကောင် အုတ်တံတိုင်းကိုခုန်ကျော်ပြီး ဝင်ရောက်ခဲ့ရာ ကျောင်းတွင်းရှိ ခွေးငါးကောင်က ဝိုင်းဝန်းကိုက်ကြသဖြင့် သေဆုံးသွားသည်ဟု သိရသည်။

အဆိုပါ ချေသည် ကျောင်းဝင်းအနောက်တောင်ဘက်မှ အုတ်တံတိုင်းကို ခုန်ကျော်ပြီး ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ချေတစ်ကောင်၏ အရွယ်အစားမှာ ဆိတ်တစ်ကောင်ခန့်ရှိပြီး အလေးချိန် ရှစ်ပိဿာခန့်ရှိတတ်သည်ဟု သိရသည်။

ချေသတ္တဝါကို ရှမ်းဘာသာဖြင့် ‘ဖန်း’ ဟုခေါ်ဆိုပြီး ၎င်း၏ အသားကိုစားလျှင် ဘေးဆိုးအန္တရာယ် ကျရောက်တတ်သည်ဟု ဒေသခံတို့အယူရှိတတ်ပြီး ချေဟောက်လျှင် မကောင်းဟု တချို့က အယူအဆရှိတတ်သည်ဟုဆိုပြီး ချေအသေကောင်ကို ကျောင်းဝင်း၏ အနောက်မြောက်ထောင့်တွင် မြေမြှုပ်ခဲ့ပြီးနောက် မေ ၁၅ ရက် နံနက်ပိုင်းတွင်မူ အဆိုပါချေအသေကောင်ကို မသမာသူတချို့က တူးဖော်ခိုးယူသွားကြသည်ဟု သိရသည်။ ဈေး၊ ရပ်ကွက်များတွင် ချေသားတစ်ပိဿာလျှင် ခုနစ်ထောင်ကျပ်ကျော်အထိ ဈေးရသည်ဟု သိရသည်။ (၅၆၃)

# လင်မယားစကားများရာမှ ဇနီးဖြစ်သူကိုသတ်ပြီး မိမိကိုယ်မိမိ အဆုံးစီရင်

**တောင်ငူ　မေ　၁၅**

တောင်ငူမြို့ အမှတ်(၂၀) ရပ်ကွက်တွင် မေ ၇ ရက် ညနေ ၃ နာရီက လင်မယားစကားများရန်ဖြစ်ရာ ဇနီးဖြစ်သူအား ခင်ပွန်းက ဓားဖြင့်ထိုးသဖြင့် ဇနီးသေဆုံးသွားသောကြောင့် မိမိကိုယ်မိမိ ဓားဖြင့်ထိုးကာ ဇနီး၏ အလောင်းပေါ်သို့ ခင်ပွန်း ဖြစ်သူလဲကျသေဆုံးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အမှတ်(၂၀) ရပ်ကွက် အိမ်အမှတ် (၂/၉၆၄)နေ စောရွှေဖောဟဲ အသက်(၄၅)နှစ်(ဘ) ဦးခူဘွယ် ဆင်လုပ်ငန်း ကရင်/ခရစ်ယာန်နှင့် ဇနီးဖြစ်သူ နော်ကပြုံးဖော အသက် (၃၂)နှစ် (ဘ) ဦးစောဖောဝါး ကရင်/ခရစ်ယာန်တို့သည် နေအိမ်အပေါ်ထပ်၌ စကားများကြပြီး စောရွှေဖောဟဲမှ ဆင်ဦးစီးများကိုင်ဆောင်သည့် အရိုး၊ အသွား ၁၀ လက်မခန့်ရှိ ဓားမြှောင်ဖြင့် နော်ကပြုံးဖောအားထိုးရာ ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ယာပေါင်ရင်း ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာလက်ဖျံပြတ်ရှဒဏ်ရာ တစ်ချက်၊ ကျောကုန်းထိုးသွင်း ဒဏ်ရာတစ်ချက်တို့ ရရှိခဲ့သည်။ ဇနီးဖြစ်သူမှာ ဒဏ်ရာများဖြင့် လဲကျသေဆုံးသွားသဖြင့် ခင်ပွန်းမှာလည်း ၎င်း၏ရင်ညွှန့်သို့ အဆိုပါဓားဖြင့် တစ်ချက်ထိုးသွင်းကာ လဲကျသေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ငူမြို့ အမှတ်(၁) ရဲစခန်းမှ (ပ)၂၆၀/၂၀၁၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူထားပြီး စောဖောရွှေဟဲသေဆုံးရခြင်းကို သေမှုသေခင်း အမှတ်စဉ် ၄/၂၀၁၂ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၅၇၈)

# ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



ရန်ကုန် မေ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်သည် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသည်။

ယင်းနောက် သမ္မတ မစ္စတာ အီမြောင်ဘတ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် အာဇာနည်ဗိမာန်သို့ သွားရောက်၍ ယခင် အာဇာနည်ဗိမာန်၌ ကျဆုံးသွားသော ကိုရီးယားသမ္မတနိုင်ငံမှ ဝန်ကြီးများအား ရည်စူး၍ ပန်းခွေချ ဂါရဝပြုသည်။

ထို့နောက် သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ဆီဒိုးနားဟိုတယ်၌ ကိုရီးယားသမ္မတနိုင်ငံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ယင်းနောက် သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

**ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် အာဇာနည်ဗိမာန်၌ ကျဆုံးသွားသော ကိုရီးယားသမ္မတနိုင်ငံမှ ဝန်ကြီးများအား ရည်စူး၍ ပန်းခွေချ ဂါရဝပြုစဉ်။** (သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ဝမ်ဂန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အခြေခံပညာကျောင်းများသို့ ကွန်ပျူတာများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၅

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ဂန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ငါးကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း လေးကျောင်းနှင့် မူလတန်းလွန်ကျောင်း နှစ်ကျောင်းတို့အတွက် တရုတ်-မြန်မာချစ်ကြည်ရေးကို ရှေးရှု၍ မြန်မာနိုင်ငံရှိ ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို လေ့လာနိုင်စေရန် ရည်ရွယ်ကာ ကွန်ပျူတာ အလုံး ၁၀၀ နှင့် ပရင်တာ ၁၀ လုံးတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။**

အဆိုပါ အခမ်းအနားသို့ ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးငွေးဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် မစ္စတာ ဝမ်ဂန်းနှင့် တာဝန်ရှိသူများသည် ကွန်ပျူတာခန်းမကို ဖွင့်လှစ်ပေးကြပြီး ခန်းမအတွင်း ကျောင်းသား ကျောင်းသူများ လက်တွေ့သင်ကြားနေမှုကိုကြည့်ရှုလေ့လာကြသည်။

ထို့နောက် မစ္စတာ ဝမ်ဂန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးငွေးဦးတို့သည် ကျောင်းမျက်နှာစာရှိ သတ်မှတ်နေရာ၌ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ် သစ်ပင်ကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ မစ္စတာ ဝမ်ဂန်းနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံရှိ မြို့တော်ဆေးခန်းသို့ ရောက်ရှိပြီး မျက်စိအတွင်းတိမ်ဝေဒနာရှင်များ ခွဲစိတ်ကုသခံယူနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မြို့တော်ဆေးခန်း၌ ပထမအကြိမ် မြန်မာ-တရုတ် မျက်စိဝေဒနာကုသရေးဗဟိုဌာန ပူးပေါင်းတည်ဆောက်ရေးဆိုင်ရာ စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အလင်းရောင် ဖောင်ဒေးရှင်းနာယက ဦးအောင်သိန်းလင်းနှင့် China Foundation For Peace and Development မှ Secretary General Mr. Xu Zhensui တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး ဦးငွေးဦးနှင့် မစ္စတာ ဝမ်ဂန်းတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ဧည့်သည်တော် မစ္စတာ ဝမ်ဂန်း ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီ တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးခန်း၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မစ္စတာ ဝမ်ဂန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညို၍ အာရုံခံတန်ဆောင်းရှိ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ ထို့နောက် ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ စေတီတော်အား လှည့်လည်ကြည်ညိုကြသည်။ (သတင်းစဉ်)





**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ဂန်း မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံရှိ မြို့တော်ဆေးခန်း၌ မျက်စိအတွင်းတိမ်ဝေဒနာရှင်များအား ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၀၀ ပရိတ်တရားတော်
၈း၁၀ "လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
၅း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅ ရွှေရင်ခုန်သံ
၇း၀၅ လူကုန်ကူးမှုဆိုင်ရာ ပညာပေး အစီအစဉ်
၇း၃၅ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်မှု အစီအစဉ် (အပိုင်း-၈)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၅၅)
- မြန်မာဗီဒီယိုဇာတ်လမ်း "ကိုင်းဆက်ပန်း" (မင်းမော်ကွန်း၊ မင်းခ၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ၊ ခင်လေးနွယ်) (ဒါရိုက်တာ-နောင်ထွန်းလွင်)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာရေးဆရာအသင်း ဖွဲ့စည်း

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးနှင့် မြို့နယ်စာရေးဆရာအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို မေ ၁၃ ရက်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

မျက်နှာစုံညီအစည်းအဝေးတွင် အလုပ်အမှုဆောင်ဥက္ကဋ္ဌအဖြစ် ဥက္ကဋ္ဌ ဦးညွှန့်လှိုင် (မောင်ညွှန့်လှိုင်)၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးသန်းဌေး(သန်းဌေး-ဝေဒ)၊ အတွင်းရေးမှူး ဒေါ်လှလှဌေး(လှလှဌေး-ပြန်/ဆက်)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးအုန်းလှိုင်(ကို-ဥက္ကံ)၊ ဘဏ္ဍာရေးမှူး ဦးဝင်းမြင့်(ကိုယော-ဘောဂဗေဒ)၊ အလုပ်အမှုဆောင်များအဖြစ် ဦးအောင်မြင့်(အောင်မြင့်-သစ်လုပ်ငန်း)၊ ဦးတင်ထွန်းအောင်(တင်ထွန်းအောင်-ရွှေမြိုင်)၊ ဒေါ်တင်တင်နွဲ့(တင်တင်နွဲ့-ရန်ကုန်တက္ကသိုလ်)နှင့် ဦးလှဘော်(မောင်ယဉ်ညို)တို့ ကိုးဦးအား ရွေးချယ်ဖွဲ့စည်းခဲ့သည်။ ညီလာခံကိုယ်စားလှယ်အဖြစ် ဦးညွှန့်လှိုင်(မောင်ညွှန့်လှိုင်)နှင့် ဦးညွှန့်ဟံ (ညွှန့်ဟံ-ကြူတော)တို့အား ရွေးချယ်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

### ရှေ့ဖုံးမှ

လေ့လာတွေ့ရှိချက်များအရ ငါးလိပ်စွန်အချို့မှာ လေ့လာမှုပြုသည့် ၁၃ရက်တာကာလအတွင်း ခရီးကီလိုမီတာ ၁၁၀၀ကျော် (၆၂၁မိုင်ခန့်) သွားခဲ့ကြကြောင်း လေ့လာရေးအဖွဲ့ဝင်တစ်ဦးဖြစ်သူ exeter တက္ကသိုလ်မှ မက်သျူးဝစ်က ပြောကြားသည်။ အဆိုပါ ငါးလိပ်စွန်များ၏ ခရီးသွားမှု အချိန်အများစုမှာ ၎င်းတို့အတွက် အစားအစာရင်းမြစ်များ ပေါကြွယ်ဝသည့် ကမ်းရိုးတန်းများတွင် ကုန်ဆုံးခဲ့သည်ဟုလည်း ၎င်းကဆိုသည်။

baleen ဝေလငါးများ၊ ဝေလငါးမန်းများကဲ့သို့ပင် ငါးလိပ်စွန်များသည်လည်း ပင်လယ်ရေထဲမှ မျှောလေ့ ခေါ် (plankton) သတ္တဝါငယ်လေးများကို ပါးစပ်ကျယ်ကြီးများ ဖွင့်ကာ ကူးခတ်သွားလာရင်း ပါးစပ်ထဲရှိ ရေစစ်ကဲ့သို့သော အစိတ်အပိုင်းမှ ဖမ်းယူစားသောက်ကြခြင်းဖြစ်သည်။

ငါးလိပ်စွန်များသည် ငါးမန်းများနှင့် နီးစပ်စွာဆက်နွယ်မှုရှိပြီး ၎င်းတို့၏ အချိန်အကုန်နီးပါးကို ကမ်းခြေမှ မိုင်၂၀၀ အတွင်း၌သာ ကျက်စားကြကြောင်းကိုလည်း သုတေသီအဖွဲ့က တွေ့ရှိခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ သဘာဝ ထိန်းသိမ်းစောင့်ရှောက်ရေးသမဂ္ဂက ငါးလိပ်စွန်များကို မျိုးသုဉ်းမည့်အခြေအနေရှိသော ရေသတ္တဝါစာရင်းတွင် ထည့်သွင်းထားသည်။

## သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၁၅**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ဒေသအဆင့်အစုအဖွဲ့ပိုင် သစ်တောသင်တန်းဌာန (RECOFTC) တို့ ပူးပေါင်းကျင်းပသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ မင်းတိုင်ပင် သစ်တောစခန်း စုဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အမှာစကားပြောကြားပြီး ဒေသအဆင့် အစုအဖွဲ့ပိုင် သစ်တောသင်တန်းဌာနမှ ကျွမ်းကျင်ပညာရှင် Mr.Ronnakorn က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲသို့ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောတက္ကသိုလ်တို့မှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့် သစ်တောအရာရှိများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၂ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား(UNHCR)၏ အရှေ့တောင်အာရှဒေသညှိနှိုင်းရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မေ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ အရှေ့တောင်အာရှဒေသညှိနှိုင်းရေးမှူး Mr. James Lynch ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် UNHCR အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူသားချင်းစာနာသောထောက်ပံ့မှုများတိုးမြှင့်ပေးအပ်နိုင်ရေးနှင့် ရွှေ့ပြောင်းရွှေ့ရောင် မိသားစုများ ပြန်လည်နေရာချထားရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ကဏ္ဍစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းရေးဆွဲရေးဆိုင်ရာကိစ္စများနှင့် နိုင်ငံခြားအကူအညီအထောက်အပံ့များဆိုင်ရာကိစ္စများ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၅**

ကဏ္ဍစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းရေးဆွဲရေးဆိုင်ရာကိစ္စများနှင့် နိုင်ငံခြားအကူအညီအထောက်အပံ့များဆိုင်ရာကိစ္စများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး ဒုတိယအဆင့်ဆောင်ရွက်ရာတွင် ပြည်သူတို့၏ စားဝတ်နေရေး၊ သွားရေးလာရေး အဆင်ပြေပြီး အလုပ်အကိုင်အခွင့်အလမ်းပေါ်ထွန်းရေးအတွက် လက်တွေ့ကျသည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်ရေး၊ မြေအသုံးချရေး မူဝါဒဆိုင်ရာအတွက် ပြည်ထောင်စုအစိုးရသို့ တင်ပြဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဆန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက စီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိစ္စများ၊ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ကဏ္ဍစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိစ္စများနှင့် နိုင်ငံခြားအကူအညီအထောက်အပံ့များဆိုင်ရာကိစ္စများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များ ဆက်လက်၍ အလင်းဝင်ရောက်လျက်ရှိ

နေပြည်တော် မေ ၁၅

**နိုင်ငံတော်အစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တစိုက်မတ်မတ် ထိထိရောက်ရောက် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။**

တာချီလိတ်နယ်မြေအတွင်း မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းလျက် သတင်းဖော်ထုတ်ပိတ်ဆို့ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ မူးယစ်တရားခံပြေး စိုင်းနော်ခမ်းအဖွဲ့နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ထိတွေ့မှု သုံးကြိမ်ဖြစ်ပွားခဲ့သည်။ စိုင်းနော်ခမ်း အဖွဲ့အနေဖြင့် အဖွဲ့ငယ်များ ခွဲထွက်၍ ထွက်ပြေးလျက်ရှိပြီး ဧပြီ ၂၃ ရက်မှ ၃၀ ရက်အထိ မူးယစ်တရားခံပြေး စိုင်းနော်ခမ်းအဖွဲ့မှ အိုက်ထွန်း၊ လောဆန်နှင့် ထွန်းရွှေခေါင်းဆောင်သည့် အင်အား ၃၀ သည် လက်နက်မျိုးစုံ ၁၅ လက်နှင့်အတူ အလင်းဝင်ရောက်ခဲ့သည်။

ထပ်မံ၍ မေ ၁၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ယားအီ ဦးစီးအင်အား ၁၅ ဦးတို့သည် နောင်တောင်းရွာရှိ နယ်မြေခံစစ်ကြောင်းသို့ လက်နက်မျိုးစုံ ခုနစ်လက်၊ ကျည်မျိုးစုံ ၃၇၈ တောင့်၊ ကျည်အိမ် ၁၂ ခု၊ မိုင်း လေးလုံး၊ ဗုံးသီး ၁၃ လုံးတို့ဖြင့် လည်းကောင်း၊ ညနေ ၆ နာရီတွင် အားထူ ဦးစီးအင်အား လေးဦးတို့သည် လော်စံရှီးရွာရှိ နယ်မြေခံစစ်ကြောင်းသို့ လက်နက်မျိုးစုံငါးလက်၊ ကျည်မျိုးစုံ ၁၁၈ တောင့်၊ ကျည်အိမ်လေးခု၊ မိုင်းလေးလုံး၊ ဗုံးသီး ၁၇ လုံးတို့ဖြင့် လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် ယောဟန် ဦးစီးအင်အား ခြောက်ဦးတို့သည် တာချီလိတ်နယ်မြေရှိ မိမိတပ်မတော်စခန်းသို့ လက်နက်မျိုးစုံခြောက်လက်၊ ကျည်မျိုးစုံ ၈၀၊ ကျည်အိမ်ရှစ်ခု၊ မိုင်းနှစ်လုံးတို့ဖြင့် အသီးသီး အလင်းဝင်ရောက်ခဲ့ပြီး စုစုပေါင်းအင်အား ၂၅ ဦး၊ လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်မျိုးစုံ ၅၇၆ တောင့်၊ ကျည်အိမ် ၂၄ ခု၊ မိုင်းမျိုးစုံ ၁၀ လုံး၊ ဗုံးသီးမျိုးစုံ ၃၀ လုံးတို့နှင့်အတူ အလင်းဝင်ရောက်ခဲ့ကြသည်။

တပ်မတော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အဆိုပါ အလင်းဝင်အဖွဲ့ငယ်များအား မေ ၁၅ ရက် နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်ခန်းမ၌ လိုအပ်သည့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ တွေ့ဆုံထောက်ပံ့ ပေးအပ်ခဲ့ကြောင်းနှင့် ဖော်ပြပါ နယ်မြေအတွင်း အကြမ်းဖက်သောင်းကျန်းသူများ ထပ်မံဝင်ရောက်ခြင်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများ လုပ်ဆောင်ခြင်း မပြုနိုင်စေရန်အတွက် နယ်မြေခံစစ်ကြောင်းများဖြင့် စနစ်တကျ ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိမြင်၍ အလင်းဝင်ရောက်လာသော မူးယစ်တရားခံပြေး စိုင်းနော်ခမ်းအဖွဲ့မှ အိုက်ထွန်း၊ လောဆန်နှင့် ထွန်းရွှေ ခေါင်းဆောင်သည့် အဖွဲ့အား လက်နက်မျိုးစုံ ၁၅ လက်နှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)



# မြန်အောင်နှင့် ဟင်္သာတမြို့တို့၌ ဖောက်ခွဲမှုများ ပြုလုပ်ခဲ့သည့် ABSDF အဖွဲ့မှ ဖောက်ခွဲရေးသမားတစ်ဦးအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅

**ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် ဟင်္သာတမြို့တို့၌ ဖောက်ခွဲမှုများပြုလုပ်ခဲ့သည့် ABSDF အဖွဲ့မှ ဖောက်ခွဲရေးသမား သန်းကိုဦး(ခ) မင်းဇော်(၂၆)နှစ်အား မေ ၁၁ ရက်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။**

သန်းကိုဦး(ခ)မင်းဇော်သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် မြန်အောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးနှင့် ၂၀၁၂ ခုနှစ် မတ် ၆ ရက်တွင် ဟင်္သာတမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့အား ဗုံးထောင်ဖောက်ခွဲခဲ့သူဖြစ်ကြောင်းနှင့် ၎င်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြဝတီခရိုင်ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မဲဆောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် မဲဆောက်မြို့နယ် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

သန်းကိုဦးအား စစ်ဆေးဖော်ထုတ်ချက်များအရ ၎င်းသည် မော်လမြိုင်ကျွန်းမြို့နယ် ပတ်ပြကျေးရွာ ဇာတိဖြစ်ပြီး ပတ်ပြကျေးရွာ တွဲဖက်အထက်တန်းကျောင်းတွင် ရှစ်တန်းအထိ ပညာသင်ကြားခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်တွင် ၎င်း၏ဖခင်နှင့် မိခင်တို့ သေဆုံးသွားခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်တွင် ရန်ကုန်မြို့သို့တက်၍ ကျပန်းလုပ်ကိုင်ခဲ့ကြောင်း။

၂၀၁၀ ခုနှစ်တွင် လှိုင်းဘုန်းကျေးရွာရှိ Save The Children အဖွဲ့၏ စာသင်ကျောင်း၌ သုံးလခန့် စာသင်ပေးခဲ့ပြီး ဩဂုတ်လတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ သွားရောက်ခဲ့ကာ ငါးဖမ်းစက်လှေတစ်စင်းတွင် တစ်လခန့် အလုပ်လုပ်ခဲ့ကြောင်း၊ ထို့နောက် ဗန်ကောက်သို့ ထွက်ပြေးခဲ့ကာ မယ်တော်ဆေးခန်းသို့ ရောက်ရှိခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ABSDF အဖွဲ့နှင့် ချိတ်ဆက်မိပြီး လက်နက်ငယ်သင်တန်း၊ ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ABSDF စခန်းတစ်ခုဖြစ်သည့် ဒေါင်းမင်းစခန်းသို့ ရောက်ရှိပြီး ဗိုလ်ခင်ကျော်ဆိုသူနှင့် တွေ့၍ ၎င်း၏ခိုင်းစေချက်အရ ဖောက်ခွဲရေးပြုလုပ်ရန် လမ်းကြောင်းကြည့်ရှုသည့်အနေဖြင့် အောက်တိုဘာ ၂၈ရက်မှ ၃၀ ရက်နေ့အထိ သိမ်ဇရပ်-ဘားအံ-ရန်ကုန် မြန်အောင်လမ်းကြောင်းအတိုင်း သွားရောက်ခဲ့ကြောင်း၊ နိုဝင်ဘာ ၆ ရက်တွင် ABSDF အဖွဲ့မှ ဗိုလ်ခင်ကျော်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အစိုးရပိုင်အဆောက်အအုံများအား ဖောက်ခွဲရန် ညွှန်ကြားပြီး လက်ပစ်ဗုံး ကိုးလုံး၊ စကားပြောစက် ခြောက်လုံး၊ လက်ပစ်ဗုံးနှင့် ဆက်သွယ်ရေးစက်များ တပ်ဆင်ရန်အတွက် ခဲရောင်ဖြင့် ထုပ်ထားသည့် အထုပ်ခြောက်ထုပ်နှင့် ငွေကျပ်တစ်သိန်းတို့ကို ထုတ်ပေးခဲ့ကြောင်း။

နိုဝင်ဘာ ၁၈ ရက်တွင် ဒေါင်းမင်းစခန်းမှ သိမ်ဇရပ်-ဘားအံ-ရန်ကုန် လမ်းကြောင်းအတိုင်း ထွက်ခွာခဲ့ပြီး ရန်ကုန်မှ တစ်ဆင့် မြန်အောင်မြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် နိုဝင်ဘာ ၁၉ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးအနီး သွားရောက်ပြီး မိုင်းအား စကားပြောစက်၊ နာရီတို့နှင့် တွဲလျက် အသက်သွင်း၍ ရုံးအနောက်ဘက် ဝင်းနံရံအနီးထားရှိခဲ့ကာ နိုဝင်ဘာ ၂၀ ရက်တွင် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ကြောင်း၊ ယင်းနောက် ရထားဖြင့် ဟင်္သာတမြို့သို့ ရောက်ရှိပြီး ငါးမျက်နှာဘုန်းကြီးကျောင်းအတွင်းရှိ အိမ်သာနောက် အမှိုက်ပုံအတွင်း ကျန်ရှိသည့် မိုင်းထုပ်လေးထုပ်အား ဝှက်ထားခဲ့ကာ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း။

၎င်း မဲဆောက် ABSDF ရုံး၌ ရှိနေစဉ် ဆန်နီဆိုသူရောက်လာပြီး မြန်အောင်မြို့ဖောက်ခွဲမှုမှာ လူ၊ ပစ္စည်း ထိခိုက်ပျက်စီးမှုမရှိခဲ့သဖြင့် ဟင်္သာတမြို့ရှိအစိုးရဌာနရုံးများကို ထပ်မံဖောက်ခွဲရန် ဘတ်ငွေ ၄၀၀၀ ပေး၍ စေလွှတ်ခဲ့ကြောင်း၊ မတ် ၃ ရက်တွင် မဲဆောက်မြို့မှ ထွက်ခဲ့ပြီး ရန်ကုန်မှ တစ်ဆင့် ဟင်္သာတမြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ဘုန်းကြီးကျောင်းအတွင်း ဝှက်ထားသော မိုင်းများအား ယူဆောင်၍ အသက်သွင်းပြီး မတ် ၅ ရက် ည ၉ နာရီခန့်တွင် ဟင်္သာတမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအနီး အပါအဝင် နေရာသုံးနေရာ၌ မိုင်းတစ်လုံးစီထောင်ထားခဲ့ကြောင်း၊ မတ် ၆ ရက် နံနက် ၁၀ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှေ့ ထောင်ထားသောမိုင်းအား ဖောက်ခွဲခဲ့ပြီး ကျန်နှစ်လုံးအား ဖောက်ခွဲခြင်းမပြုခဲ့ကြောင်း၊ ထို့နောက် မဲဆောက်မြို့သို့ ပြန်သွားခဲ့ကာ ABSDF ရုံး၌ နေထိုင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

မေ ၁၂ ရက်တွင် သန်းကိုဦးအား စစ်ဆေးရာ မိုင်းတစ်လုံးအား ဟင်္သာတမြို့ ဘုရားကြီးရပ်ကွက် ဘုရားကြီးကျောင်းတိုက် ဓမ္မဗိမာန်ဓမ္မာရုံအနောက်ရှိ ကုဋ္ဌိနှင့် မိလ္လာကန်ကြား၌ ဝှက်ထားကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေရာ လက်ပစ်ဗုံးတစ်လုံး၊ ယမ်းပျော့တစ်လိပ်၊ စကားပြောစက်တစ်လုံး၊ ဒီတိုနေတာ တစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဖောက်ခွဲမှုတရားခံ သန်းကိုဦးအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ABSDF အဖွဲ့မှ ဖောက်ခွဲရေးသမား သန်းကိုဦး (ခ) မင်းဇော် (၂၆) နှစ်အား တွေ့ရစဉ်။** (သတင်းစဉ်)



ဥ တု ရာ သီ တော ကို မီ ၏

## နေပြည်တော်အသင်း ဂိုးပြတ်နိုင်

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**

**ရန်ကုန် မေ ၁၅**

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၄)နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ကျင်းပရာ နေပြည်တော်အသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**နေပြည်တော်-လေးဂိုး**

(စထက်နိုင်ဝင်း-နှစ်ဂိုး၊ သူရိန်စိုးနှင့် နေဇော်ထက်)

**ဇွဲကပင်ယူနိုက်တက်-တစ်ဂိုး**

(နိုင်နိုင်ကျော်)

နေပြည်တော်အသင်းမှာ ဂိုးပြတ်အနိုင်ရခဲ့သော်လည်း အကောင်းဆုံးပုံစံ မရရှိခဲ့ဘဲ အနိုင်ရရှိရန် ရုန်းကန်ခဲ့ရသည်။ အမာခံကစားသမားများ မပါဝင်သည့် နေပြည်တော်အသင်းမှာ ပထမပိုင်းတွင် ဇွဲကပင်ကို သရေသာကစားနိုင်ခဲ့သည်။ တန်းဆင်းဇုန်ထဲမှ ရုန်းထွက်ရန် ကြိုးပမ်းနေသည့် ဇွဲကပင်အသင်းမှာ ခြေစွမ်းပိုင်း သိသိသာသာတက်လာပြီး နေပြည်တော်ကို သူတင်ကိုယ်တင် ကစားနိုင်ခဲ့သော်လည်း ဂိုးသမား၏ အမှားအချို့ကြောင့် ရှုံးရခြင်းဖြစ်သည်။ နေပြည်တော်အတွက် ဂိုးများကို ၄၇ မိနစ်တွင် သူရိန်စိုး၊ ၅၇ မိနစ်နှင့် ၆၂ မိနစ်တွင် စထက်နိုင်ဝင်း၊ ၈၁ မိနစ်တွင် နေဇော်ထက်တို့က သွင်းယူခဲ့ပြီး ဇွဲကပင်အတွက် ချေပဂိုးကို ၅၂ မိနစ်တွင် နိုင်နိုင်ကျော်က သွင်းယူခဲ့သည်။



**နေပြည်တော်နှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

## ကျပန်းစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၅**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပမည့် ၂၀၁၂ ခုနှစ် ကျပန်းစစ်တုရင်ပြိုင်ပွဲကို မေ ၂၈ ရက်မှ ဇွန် ၅ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့်အားကစားသမားများသည် မေ ၂၆ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကျပန်းစစ်တုရင် (Fischer Random Chess)ကစားနည်းမှာ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ကစားနည်းကဲ့သို့ နယ်နှင့် ကစားကောင်များ ရွှေ့ကစားနည်း အတူတူပင်ဖြစ်သော်လည်း မူလပွဲစအနေအထားမှာ တူညီမှုမရှိပေ။ ကျပန်းစစ်တုရင်ကစားနည်းတွင် အပြည်ပြည်ဆိုင်ရာစစ်တုရင်ကဲ့သို့ နယ်ရုပ်များ တည်ရှိပုံ တူညီသော်လည်း ကစားကောင်များ တည်ရှိပုံ မတူညီပေ။ မူလပွဲစအနေအထား ၉၆၀ ရှိ၍ ပြိုင်ပွဲစတင်ချိန်တွင် မူလပွဲစအနေအထား ၉၆၀ မှ တစ်ခုအား မဲနှိုက်၍ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ (စစ်တုရင်အဖွဲ့ချုပ်)

## (၃၃)ကြိမ်မြောက် အာရှပစိဖိတ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP 2012 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် ညနေက ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်လူငယ်ဂေါက်သီးရိုက်အသင်းများဖြစ်ကြသော ဟောင်ကောင်၊ အိန္ဒိယ၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းတို့သည် သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)** 33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP 2012 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းပြိုင်ပွဲ၏ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ပန်းလှိုင်ဂေါက်ကလပ်၌ စတင်ကျင်းပသည်။

ပထမနေ့ ၁၈ ကျင်းအပြီးတွင် အမျိုးသားသက်တန်း (၁၅-၁၇)နှစ်အတန်း GROUP(A) ပြိုင်ပွဲ၌ ABHISHEK KUHAR (အိန္ဒိယ)က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ပြီး ၆၈ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

S.SHARMA (အိန္ဒိယ)က သတ်မှတ်ရိုက်ချက်ထက် သုံးချက် လျော့ရိုက်ပြီး ၆၉ ချက်ဖြင့် ဒုတိယလိုက်ကာ DANTHAI BOONMA(ထိုင်း)ကလည်း သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၀ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသားသက်တန်း (၁၃-၁၄)နှစ်အတန်း GROUP (B) ပြိုင်ပွဲ၌ VIRAJ MADAPPA (အိန္ဒိယ)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက် လျော့ရိုက်ပြီး ၇၀ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

PHACHARA KHONGWATMAI (ထိုင်း)နှင့် PRAKHAR ASAWA (အိန္ဒိယ)တို့က ၇၂ ချက်စီဖြင့် ဒုတိယလိုက်ကြပြီး PIYUSH SANGWAN (အိန္ဒိယ)က ၇၃ ချက်ဖြင့် တတိယလိုက်နေသည်။

အသင်းလိုက်ပြိုင်ပွဲ၌ အိန္ဒိယအသင်းက ၂၁၀ ချက်ဖြင့် ဦးဆောင်လျက်ရှိပြီး ထိုင်းအသင်းက ၂၁၆ ချက်ဖြင့် ဒုတိယလိုက်ကာ မလေးရှားအသင်းက ၂၂၅ ချက်ဖြင့် တတိယလိုက်နေသည်။

အဆိုပါပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော လူငယ်ဂေါက်သီးရိုက်အားကစားသမားများ စိတ်ဓာတ်တက်တက်ကြွကြွနှင့် စိတ်ချမ်းမြေ့စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးကို ရည်ရွယ်လျက် CO-SPONSORS များဖြစ်ကြသော PUN HLAING GOLF CLUB, HIGER BUS(MYANMAR),ELITE EXPRESS, SRIXON, ALPINE(PURIFIED DRINKING WATER) တို့က ကူညီပံ့ပိုးကြပြီး EVENT MANGEMENT အဖြစ် HAN GOLF MASTERS PTE., LTD. က လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကို ဆောင်ရွက်ပေးသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို မေ ၁၆ ရက် နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)



## တစ်ချက်တည်းကျင်းဝင်

**မြစ်ကြီးနား မေ ၁၅ -** ဂေါက်သီးချစ်သူများအသင်း (မြစ်ကြီးနား)အသင်းဝင် တင်ထိုက် (မိုး/ဇလ)သည် ကစားဖော်များဖြစ်ကြသော ထွဏ်းဂုဏ်အောင်၊ အံ့သွင်၊ အောင်ကျော်ဇင်၊ လှိုင်ထူးတို့နှင့်အတူ မေ ၁၁ ရက် ညနေပိုင်းတွင် မြစ်ကြီးနား ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon No(1) Soft Feel ဘောလုံးကို Wilson Iron No(5)သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၅ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(စိုင်းဝင်းဟန်)

**ရန်ကုန် မေ ၁၅ -** ဦးတင်ထွဋ် (H&K)သည် ကစားဖော်များဖြစ်ကြသော ဦးဖိုးအေး (UE)၊ ဦးလွင်အောင်(ရွှေမင်္ဂလာ)၊ ဦးမင်းမင်းထွေး (Mode)တို့နှင့်အတူ မေ ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးဂေါက်ကွင်း (မြကန်သာ)၌ ဂေါက်သီးရိုက်ကစားစဉ် Bridge Stone No(2) ဘောလုံးကို XXIO No(5) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၄ ကိုက် အကွာရှိ ကျင်းအမှတ် (၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(ကိုထွဋ်)

## ရော်ဘင်ဗန်ပါစီ အာဆင်နယ်၌ ဆက်နေရန် ဆုံးဖြတ်လိုက်ပြီ

**လန်ဒန် မေ ၁၅**

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည် ၎င်း၏ အနာဂတ်ကစားသမားဘဝကို အာဆင်နယ်အသင်း၌သာ အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးနှင့် အမှုဆောင်အရာရှိ အီဗန်ဂါဇီဒစ်တို့နှင့်အတူ မေ ၁၆ ရက်တွင် ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ကြောင်း ဗန်ပါစီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဗန်ပါစီနှင့် အာဆင်နယ်အသင်း တာဝန်ရှိသူများ၏ ဆွေးနွေးပွဲကို မေ ၁၆ ရက် ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် အာစင်ဝင်းဂါး၏အိမ်၌ ကျင်းပရန် စီစဉ်ထားသည်။ ရော်ဘင်ဗန်ပါစီသည် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် နယ်သာလန်အသင်း လူစာရင်းကြေညာချိန်နီးကပ်လာပြီဖြစ်ပြီး မေ ၁၇ ရက်တွင် နိုင်ငံအသင်းသို့ သွားရောက်ရမည်ဖြစ်ခြင်းကြောင့် မေ ၁၆ ရက်တွင် ဆွေးနွေးပွဲပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ဗန်ပါစီက ဆိုသည်။

ဗန်ပါစီသည် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသည်။ ပရော်ဖက်ရှင်နယ်ဘောလုံးသမားများ အဖွဲ့ချုပ်(ပီအက်ဖ်အေ)၏ တစ်နှစ်တာအကောင်းဆုံးဆုရရှိထားသည့် ဗန်ပါစီသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ၅၃ ပွဲကစားပေးခဲ့ပြီး ၄၁ ဂိုးသွင်းနိုင်ခဲ့သူဖြစ်သည်။

ဗန်ပါစီသည် ဂျူဗင်တပ်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ပရီမီယာလိဂ်ရာသီပိတ်ပွဲစဉ်(၃၈)တွင် ဝက်စ်ဘရွန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အာဆင်နယ်အသင်း လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်သေချာခဲ့ခြင်းကြောင့် အာဆင်နယ်အသင်း၌ ဆက်နေရန် ဆုံးဖြတ်ခဲ့သည်ဟုလည်း မီဒီယာများက သတင်းဖော်ပြထားသည်။

သို့သော် ဗန်ပါစီကမူ လက်ရှိကလပ်အာဆင်နယ်အသင်းကိုသာ ချစ်မြတ်နိုးကြောင်းနှင့် အာစင်ဝင်းဂါး၏ အားထားရသည့် ကစားသမားအဖြစ် ဆက်လက်နေလိုသောကြောင့် ဖြစ်ကြောင်း ဆိုခဲ့သည်။

*အင်တာနက်။*



**နိုင်လင်းကြည်**

## နစ္စတယ်ရွိုင်း ဘောလုံးသမားဘဝမှ အနားယူကြောင်း ကြေညာ

**လန်ဒန် မေ ၁၅**

မန်ယူတိုက်စစ်မှူးဟောင်း ဗန်နစ္စတယ်ရွိုင်းသည် လက်ရှိကလပ် မာလာဂါအသင်းအား လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးစွမ်းဆောင်ပေးခဲ့ပြီးနောက် ၎င်း၏ ဘောလုံးသမားဘဝကို အနားယူလိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

တိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် မန်ယူအသင်းအတွက် ပွဲပေါင်း ၂၁၉ ပွဲကစားကာ ဂိုးပေါင်း ၁၅၀ သွင်းယူခဲ့ပြီး စံချိန်တင်ခဲ့သူဖြစ်သည်။ အသက်(၃၅)နှစ်အရွယ်ရှိ နစ္စတယ်ရွိုင်းသည် ယူရို ၂၀၀၄၊ ၂၀၀၆ ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၀၈ ပြိုင်ပွဲများတွင် နယ်သာလန်နိုင်ငံအသင်းအတွက် ပွဲပေါင်း ၇၀ ကစားပေးခဲ့ပြီး ၃၅ ဂိုး သွင်းယူပေးခဲ့သည်။

နစ္စတယ်ရွိုင်းသည် မန်ယူအသင်းအတွက် ပရီမီယာလိဂ်၊ အက်ဖ်အေ၊ ကွန်မြူနတီဒိုင်း စသည့်ဖလားများ ရရှိရေး စွမ်းဆောင်ပေးခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့သည်။ နစ္စတယ်ရွိုင်းသည် ၎င်း၏ ဘောလုံးသမားဘဝကို စပိန်ကလပ်ရီးယဲလ်မက်ဒရစ်အသင်း၌ အဆုံးသတ်ရန် ရည်ရွယ်ထားခဲ့သည်။

နစ္စတယ်ရွိုင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် သွင်းဂိုး ၅၆ ဂိုးဖြင့် ချန်ပီယံလိဂ်၏ ဒုတိယသွင်းဂိုးအများဆုံး စံချိန်တင်နိုင်ခဲ့သူလည်းဖြစ်သည်။ နစ္စတယ်ရွိုင်းသည် ၎င်းအနားမယူမီကာလအတွင်း စပိန်လာလီဂါကလပ် မာလာဂါအသင်း၌ ကစားရန် ဆန္ဒရှိခဲ့ခြင်းကြောင့် ၂၀၁၁ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် မာလာဂါအသင်းသို့ ရောက်ရှိခဲ့ကာ မာလာဂါအသင်းအတွက် အောင်မြင်မှုများ စွမ်းဆောင်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ် မေ ၁၄ ရက်တွင် ဘောလုံးသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း အတိအလင်း ကြေညာလိုက်ခြင်းဖြစ်သည်။



*အင်တာနက်။*

## ပြည်သူ့ထံမှ ပေးစာများ

### စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

မင်္ဂလာဒုံမြို့နယ် ပြည်တော်သာရပ်ကွက်အတွင်းရှိ တရားမဝင်ဈေးမှ အမှိုက်များအား အနီးရှိ ဂျိုးဖြူပိုက်လုံးပေါ်နှင့် နီးစပ်ရာနေရာများတွင် စည်းကမ်းမဲ့စွာ အမှိုက်များ စွန့်ပစ်နေပါသည်။ မြို့နယ်စည်ပင်သာယာမှ တစ်ပတ်တစ်ကြိမ်လာရောက်သိမ်းဆည်းသော်လည်း ကျန်ရှိသောအမှိုက်များကြောင့် ဂျိုးဖြူပိုက်လုံး ပျက်စီးစေနိုင်သည့်အပြင် အနံ့ဆိုးများကြောင့် အနီးအနားရှိ နေထိုင်သူများ ကျန်းမာရေးထိခိုက်စေခြင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းကြောင့် ၎င်းအမှိုက်ပုံအား သင့်တော်ရာနေရာသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်တင်ပြအပ်ပါသည်။ **ပြည်တော်သာရပ်ကွက်သားများ**

### ငါးပိနှင့် ငါးပုပ်အနံ့ဆိုးများ နေ့စဉ် ရှူရှိုက်နေရ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ကွမ်းခြံအနောက်ပိုင်း အောင်မင်္ဂလာလမ်းနှင့် အောင်သပြေလမ်းတို့တွင် ငါးပုပ်များမှ ငါးပိလုပ်ခြင်းကြောင့် ငါးပုပ်နံ့နှင့်ငါးပိနံ့များ နေ့စဉ် ရှူရှိုက်နေရပါသည်။ ထိုအနံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် လမ်းနေပြည်သူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူများ**

### ဝက်မွေးမြူမှု ဖယ်ရှားရှင်းလင်းပြီး

၂၉-၄-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ "ပြည်သူ့ထံမှပေးစာ" ကဏ္ဍပါ ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် မင်းရပ်တန်းလမ်း ဝက်မွေးမြူမှုအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

# ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ထွက်ခွာ

**ပို့ဆောင်နှုတ်ဆက်**

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၅**

နေပြည်တော်၌ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် ယနေ့နံနက် ၈ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားသည်။

ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့ပြင် တိုင်းရင်းသား တိုင်းရင်းသူလေးများက ဂါရဝပြု၍လည်းကောင်း၊ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ လည်းကောင်း၊ လေဆိပ်အဝင် လမ်းဘေးဝဲ၊ ယာ၌ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နှုတ်ဆက်ကြသည်။

(သတင်းစဉ်)



# ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ၌ ပါဝင်ကူညီခဲ့သည့် ပညာရှင်များ၊ ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့် အသက်အရွယ်နှင့်မမျှအောင် မိမိတို့၏ အချိန်များကိုပေးဆပ်ပြီး ကာယအား၊ ဉာဏအား စိုက်ထုတ်ဆောင်ရွက်ပေးခဲ့ကြခြင်းအတွက် ကျေးဇူးတင်

**ရန်ကုန် မေ ၁၅**

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကရဝိက်နန်းတော်၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ၌ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်၊ အနုပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။**





**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ၌ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်၊ အနုပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်းစိစစ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆုရွေးချယ်ရေး အဖွဲ့ဝင်များနှင့် မြန်မာ့ရည်ညွှန်းကျမ်းစိစစ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအကဲဖြတ် ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုထိုက်သူကို ချီးမြှင့်ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ယင်းသို့ ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားမျိုးကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၀၆ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအခမ်းအနားသည် ပဉ္စမအကြိမ်မြောက် အခမ်းအနားဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်က များပြားလှသည့် လုပ်ငန်းတာဝန်များကြောင့် ယင်းသို့ချီးမြှင့်ဂုဏ်ပြုပွဲအခမ်းအနားကို ပြုလုပ်ကျင်းပနိုင်ခဲ့ခြင်းမရှိသည့်အတွက် ယခုအခမ်းအနားတွင် ယခင်နှစ် ပျက်ကွက်မှုအတွက်ပါ ထပ်ပေါင်းပြီး နှစ်နှစ်စာ အခမ်းအနား နှစ်ပွဲစာ ပူးပေါင်းချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

**ယနေ့ သတင်းအညွှန်း**

**ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ကိုရီးယားနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာ**

ပြည်တွင်းသတင်း စာမျက်နှာ - ၈

**နေမျက်နှာပြင်ရှေ့မှ သောကြာဂြိုဟ် ဖြတ်သန်းမှုဖြစ်စဉ်ကို သိပ္ပံပညာရှင်များ လေ့လာရန် ပြင်ဆင်နေ**

နိုင်ငံတကာသတင်း စာမျက်နှာ - ၅

အိမ်က ချုံပုတ်ထဲတောင် မီးလင်းနေတဲ့အချိန်မှာ တစ်နေရာမှာ လျှပ်စစ်မီးအားမရလို့ စားရေး၊ နေရေး အစစအရာရာ ဒုက္ခရောက်နေတဲ့သူတွေ၊ မလည်ပတ်နိုင်ဘဲ ရပ်ထားရတဲ့ စက်ရုံ၊ အလုပ်ရုံတွေ ရှိနေလိမ့်မယ်လို့ စာနာစိတ်ကလေး ထားကြရအောင်ကွာ

ယနေ့ အတွေးအမြင် စာမျက်နှာ - ၃

**ကြော်ငြာ အချပ်ပိုပါရှိ**

**ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**